
စိတ်ကူးချိုချိုအနုပညာ

# ခရမ်းနုရောင်

အရှင်သုမင်္ဂလ(စစ်ကိုင်း)




m g o m


၁။ ရာသီဖွဲ့
၂။ ပုဂံချစ်စိတ်
၃။ သစ်ပင်အောက်က ထိုင်ခုံလေးများ
၄။ ရွှေကုလားထိုင်
၅။ အရင်းအမြစ်ကိုစွ
၆။ နှင်းမလိုက် မိုးမလိုက်
၇။ မတ္တရာအစိမ်း
၈။ ပင်ဝါးရုံ
၉။ အိုဘယ့်... တိမ်တခန့်
၁၀။ မိုးသက်လေ
၁၁။ မိုးသည်းည
၁၂။ မြောက်ပြန်လေ
၁၃။ ခရမ်းနုရောင်
၁၄။ ဝတ်မှုန်ကူးချိန်
၁၅။ ဗိကားဝါမှုး
၁၆။ အိမ်ကလေးတွေ ဆောက်ရအောင်
၁၇။ ပန်းပွဲတော်
၁၈။ ရိုးပြတ်တောကို ကျော်ဖြတ်ခြင်း
၁၉။ အဘယ့်ကြောင့်... ရွှေကိုသာ
၂၀။ လွတ်လပ်ပေါ့ပါးတဲ့စိတ်
၂၁။ အဆွေခင်ပွန်း အပယ အဆ
၂၂။ တစ်ခါတုန်းက ဆယ်ပြားတန်
၂၃။ ခေတ်အရွေ့
၂၄။ မွေးနေ့လက်ဆောင်
၂၅။ အရသာ
၂၆။ စကားတစ်ခွန်း
၂၇။ ကိုယ်ပျောက်ခဲ့သောလမ်း


# ခရမ်းနုရောင်

အရှင်သုမင်္ဂလ (စစ်ကိုင်း)



ISBN 9789997130600
NW138
9 789997 130600
2,500.00 KS

mgyoe.com

ခရမ်းနရောင်၊ အရှင်သုမင်္ဂလ(စစ်ကိုင်း)
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၇၁ မျက်နှာ၊ ၁၃ စင်တီ× ၂၀·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ရာသီဖွဲ့ | ၁ |
| ၂။ | ပုဂံချစ်စိတ် | ၈ |
| ၃။ | သစ်ပင်အောက်က ထိုင်ခုံလေးများ | ၁၄ |
| ၄။ | နွေကုလားထိုင် | ၂၀ |
| ၅။ | အရင်းအမြစ်ကိစ္စ | ၂၆ |
| ၆။ | နှင်းမလိုက် မိုးမလိုက် | ၃၂ |
| ၇။ | မတ္တရာအစိမ်း | ၃၈ |
| ၈။ | ပင်ဝါးရုံ | ၄၄ |
| ၉။ | အိုဘယ့်... တိမ်တမန် | ၅၀ |
| ၁၀။ | မိုးသက်လေ | ၅၆ |
| ၁၁။ | မိုးသည်းည | ၆၃ |
| ၁၂။ | မြောက်ပြန်လေ | ၆၉ |
| ၁၃။ | ခရမ်းနုရောင် | ၇၇ |
| ၁၄။ | ဝတ်မှုန်ကူးချိန် | ၈၃ |
| ၁၅။ | စံကားဝါဖူး | ၉၀ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၆။ | အိမ်ကလေးတွေ ဆောက်ရအောင် | ၉၆ |
| ၁၇။ | ပန်းပွဲတော် | ၁၀၂ |
| ၁၈။ | ရိုးပြတ်တောကို ကျော်ဖြတ်ခြင်း | ၁၀၈ |
| ၁၉။ | အဘယ့်ကြောင့်... နွေကိုသာ | ၁၁၄ |
| ၂၀။ | လွတ်လပ်ပေါ့ပါးတဲ့စိတ် | ၁၂၀ |
| ၂၁။ | အဆွေခင်ပွန်း အယူအဆ | ၁၂၆ |
| ၂၂။ | တစ်ခါတုန်းက ဆယ်ပြားတန် | ၁၃၂ |
| ၂၃။ | ခေတ်အရွေ့ | ၁၃၈ |
| ၂၄။ | မွေးနေ့လက်ဆောင် | ၁၄၄ |
| ၂၅။ | အရသာ | ၁၅၁ |
| ၂၆။ | စကားတစ်ခွန်း | ၁၅၇ |
| ၂၇။ | ကိုယ်လျှောက်ခဲ့သောလမ်း | ၁၆၃ |


❒

mgyoe.com

mgyoe.com

# [ ၁ ]
# ရာသီဖွဲ့

## (၁)

'ရွှေးချယ်စီစဉ်သူ ဦးချမ်းမြ' ဟု စာထိုးထားသည့် ကဗျာယဉ်,စာယဉ် လက်ရွေးစင်စာအုပ်၌ ရှေးခေတ်စာဆိုတို့၏ ရာသီဖွဲ့စာတို့ကို အတော်များများ တွေ့မိသည်။ မြန်မာတို့၏ ဆယ့်နှစ်လကို တစ်၊ နှစ်၊ သုံး၊ လေး ဂဏန်းစဉ်ထိုးတော့ တန်ခူးလက ရှေ့ဆုံးမှာ။ တန်ခူး၏ သရုပ်မှန်က နွေ။ နွေကိုရောက်တော့ စာဆိုတို့က နွေ၏အလှကို ဖော်ကျူးကြသည်။ နွေကို ရောက်လျှင် ဥသြသံကို ကြားရသည်။ အရွက်ခြွေ သစ်ပင် ကြီးငယ်တို့၏ ရိုးတံပြိုင်းပြိုင်းအလှတရားကို တွေ့ရသည်။ နောက်ပြီး နွေ၏ မိတ်ဖက် အလှတရားက အပူ။ တစ်ခါကတော့ ထိုအပူက မိမိတို့ အညာအရပ်၌ ပို၍ အကဲသာလေ့ရှိသည်။ ခုတော့ အပူက သူ့အလံကို လက်ဆင့်ကမ်း၍ အညာအကြေအနှံ့ ခြေဆန့်ခဲ့ပြီလား မဆိုနိုင်။

"ပျော်ခင်းငယ်မှ သာလှ၊ သည်ချိန်ကျလျှင်
တောဝဂနိုင်၊ စုံသာမြိုင်မှာ
မနိုင်ရွက်ညောင်း၊ ကြွေကျပြောင်းလို့
ထောင်းထောင်းငယ် လျှံငွေ့၊ လောင်ဓလေ့နှင့် လွမ်း၍ငယ်တစေ၊

mgyoe.com

mgyoe.com


အလို သေရချည့်
စိတ်ဖြေလို့ မနိုင်၊ ဘယ့်နှယ်လူ နိုင်ပါ့မယ်"

စသည်ဖြင့် 'စာဆိုတော်ဦးယာ'က နွေ၏အပူကို သီဖွဲ့ခဲ့သည်။ ပြောကြစတမ်းဆို စာဆိုတို့ခေတ်က ယခုလောက် တောပြုန်းတောင်ပြုန်းကာလ မဟုတ်သေး။ သဘာဝပေါက်ရောက် သစ်တောတို့ ယခုလို စည်းပြိုကမ်းပြို မပြုန်းတီးသေး။ မျက်မှောက်ခေတ်၏ အပူကိုသာ စာဆိုမြင်သိလေလျှင် ဘယ်ပုံဘယ်နည်း ဖွဲ့ဆိုမိမှာပါလိမ့်ဟုပင် ကြံကြံဖန်ဖန် အတွေးဝင်မိသေးသည်။

(၂)

မိုး၏ သင်္ကေတက မိုးစက်မိုးပေါက်နှင့် လျှပ်ပန်းလျှပ်နွယ်ဖြစ်သည်။ မိုးနှင့်အတူပါလာသည့် အလှတရားက တောင်ကျချောင်းရေနှင့် တောင်ယာစိမ်းစိမ်းဖြစ်သည်။ ဝါဆိုဝါခေါင် ရေဖောင်ဖောင်ရာသီ၌ ရွာတောင်က ချောင်ကလည်း ရွာနောက်ကို ပေါင်းတော့သည်။ တောင်သူ ကောက်စိုက်တို့၏ တောမလေ့လုပ်ငန်းခွင်နှင့် ထိုလုပ်ငန်းခွင်ကို အခြေခံ၍ ဖြစ်လာရသည့် လူနေမှု ဘဝဟန်မူရာတို့ကလည်း ထိုရာသီ၌ အလှုပ်ခတ်ဆုံး ဖြစ်သည်။ ထိုလောကအလှကလည်း ရှေးစာဆိုတို့၏ရင်နှလုံးကို များစွာ ရိုက်ပုတ်ခဲ့ဟန် တူပါသည်။

"မိုးစရိုက်ပေမို့
ပျိုးပိုက်ကယ် ပျော်ပျော်
လက်စားငယ်ခေါ်သည်
မျက်ဝါးဇော် သူငယ်ချင်းတွေနှင့်
လယ်ခင်းပြန့် သမန်းပြင်မှာ
အငန်းတွင် သူငါဆင်းပါလို့
မူရာချင်း မြို့သူ့မှီပေါင်
တို့တူညီ သံချိုတေးငယ်နှင့်
ဇန်ညို့အေး ချိန်လောက်ဆီကို၊
အိမ်ရောက်မှီ ကြဲပြန်ရတယ်လေး"

mgyoe.com

mgyoe.com


ဆိုသည့် မိုးဖွဲ့လွမ်းချင်း စာတစ်ပုဒ်၌ လယ်ဆင်းကောက်စိုက် လုံမပျို တို့၏ တောဓလေ့သဘာဝနှင့် မိုးလရာသီကို 'စာဆိုတော်ဦးကြီး'က အလှပေါ် အောင် ခြယ်မှုန်းခဲ့သည်။

"တို ထဘီငယ်
ဟိုဆီဖုံးရုံ၊ အလုံးခြုံကို
ကုန်းပုံက ညီ၊
ခေါင်းရေနက်တဲ့ တဇက်နီနှင့်
ပလီလိုက်ထာ
ကုပ်ပေါ်ရောက်တဲ့ ဆံတောက်ဟာကို
တကြော့ရည်ရှုံး လျှော့ရီထုံးလို့
ပွင့်လုံးငယ် ခတ္တာ"

စသည်ဖြင့် စာဆိုက ဆက်၍ သီဖွဲ့သည်။ ထိုအဖွဲ့အနွဲ့၌ ပျိုးပင်ကို လက်တစ်ဖက်ကကိုင်၍ ရေလွှမ်းနေသည့်လယ်ခင်းထဲ စွပ်ခနဲစွပ်ခနဲ ကုန်း စိုက်နေကြသည့် လယ်သူမတစ်သိုက်၏ ယိမ်းညီသည့် အလှ၊ ခပ်ပြေပြေ ထုံးဖွဲ့ထားသည့် လည်ကုတ်ပေါ်ထောက်နေသော ဆံထောက်ဖားဖားအလှကို တွေ့ရသည်။ ခုကာလမှာတော့ 'ဆံတောက်ဖား ဖား'ကလည်း မရှိသလောက် ရှားသည့် ဆင်ယင်ထုံးဖွဲ့မှုတစ်ခု ဖြစ်ခဲ့ပြီ။ မိမိတို့ အညာတောပိုင်းအရပ်၌ပင် ဆံတောက်ဖားဖားကို သိပ်မမြင်မိတော့။

## (၃)

"ဒီနှစ်ဆောင်းက ပိုအေးတယ်" ဆိုသည့် စကားကို ခုတလော ကြား ကြားနေရသည်။ တကယ်တော့ သည့်ထက်မကအေးသည့် ဆောင်းမျိုးကို ယခင့်ယခင်နှစ်အချို့က ကြုံဖူးခဲ့သည်သာ။ သို့သော် လူ့သဘောက လော လောလတ်လတ် ပြဿနာကိုသာ ပြဿနာအကြီးစားဟု ထင်ချင်တတ်တာ လည်း ပါလိမ့်မည်ထင်သည်။ ဆောင်းဆိုလျှင် မြင်လေရာတိုင်း၌ မြူနှင်းတို့ ဝေမြဲ။ ခိုက်ခိုက်တုန်အောင် အေးမြဲ။

အမေဝယ်လာပေးသည့် အနွေးထည်နှင့် ခေါင်းစွပ်ကို ဆင်မြန်းခွင့် ရတော့မည်မို့ ဆောင်းဝင်တော့မည် ဆိုကတည်းက ပျော်နေမိသည့် ကလေး

mgyoe.com

mgyoe.com


ဘဝတို့ ရှိခဲ့သည်။ ငယ်ငယ်တုန်းကတော့ ဆောင်း၏ အဆောင်အယောင်က မီးဖိုဖြစ်သည်။ မိမိတို့တောအရပ်၌ ညဦးပိုင်း အမှောင်သမ်းပြီဆိုကတည်းက ပဲစင်းငုံရိုးတွေ ဘေးပုံပြီး မီးလှုံသည့် အလေ့ရှိခဲ့သည်။ ရံခါ အမေဝယ်လာသည့် ပဲမြစ်ပြုတ်အိုးက မီးဖိုပေါ်မှာ။ အိုးနှုတ်ခမ်းက အငွေ့ထွက်ပြီလားဆို ပဲမြစ်များ နပ်ပြီလားရယ်လို့ ခဏခဏ ဖွင့်ကြည့်နေရသည်ကိုက ရင်ခုန်ချင်စရာ။ တစ်ခါတစ်ခါ ကောက်ညင်းကျည်ထောက်ကို မီးကင်ပြီး စားကြသည်။ မြို့က ဘာမှဝယ်မလာဖြစ်သည့် အခါမျိုး၌ ကုလားပဲနွယ်အထွေးလိုက်ကို မီးမြှုက်ပြီး ဖုတ်စားကြသည်။ စားစရာတစ်ခုတလေမျှ မရှိလျှင် မီးဖိုဘေးထိုင်နေရသည်ကိုက တစ်ခုခု လိုနေသေးသယောင် စိတ်က ထင်ခဲ့ဖူးသည်။

ကိုရင်ဝတ်ပြီး စစ်ကိုင်းတောင်ကို ရောက်သွားချိန်၌ ဂေါ်သဇင် စိန်သဇင်ဆိုသည့် ပန်းရုံကြီးနှစ်ရုံကို တွေ့ရသည်။ ဂေါ်သဇင်ပန်းစင်က ခပ်ယှဲယှဲမို့ ပန်းရုံတွေပေါ်တက်ပြီး ပန်းခူးသည့်အလုပ်က အငယ်ဆုံးဖြစ်သည့် မိမိတို့အလုပ်။ စိန်သဇင်ရုံက တောင်ထိပ်မှ စေတီတော်ဘေးမှာ ရှိသည်။ ထိုစင်ကတော့ မာသည်။ စင်ပေါ်တက်ပြီး ပန်းခူးချိန်တိုင်း တစ်ညလုံးကျထားသည့် နှင်းတွေက ခြေရော၊ လက်ရော၊ သင်္ကန်းရောကို လူးတော့သည်။ အေးလို့ စိမ့်လို့။ ရကန်ဆရာကြီး ဦးတိုးကတော့ –

"နေရောင်မခံ
ပန်းပျံ့ပင်ဆင့်၊ မြေနှင့်ရန်ဇက်
ခက်လက်စိမ်းမြ၊ မိုးမခဘူး။
နွေလသန်ပေါက်၊ ယဉ်ချိန်ရောက်ခါမှ
နှင်းသောက်ကယ် ရှင်ရှင်၊ ပွင့်ရှူးတွေ ဆင်ကြသည်"

ဟု ဆောင်း၌ပွင့်သည့် သဇင်ကို ဖွဲ့နွဲ့သည်။ နောက်ပြီး သူက သဇင်ကို သာမန်အရပ်သားများနှင့် မထိုက်သည့် "ဘုန်းနှင့်ကံနှင့် ရွှေသဇင်" ဟုလည်း တင်စားခဲ့သည်။

"ပန်းဆင့်ပန်းပျံ၊ ဘွဲ့မည်ရည်ခံချင်းတွင်
ဝေယံနန်း ပင်မြင့်၊ ပင်တိုင်းတင့်မို့
မြို့ဝန်မင်းစာ၊ လိပ်မပါဘဲနှင့်

mgyoe.com

mgyoe.com


ကွယ်ရာ ဈေးပြင်၊ ရောင်းလို့များ မြင်မလား
သေချင်သေ ရှင်ချင်ရှင်၊ အင်မတန့် အင်မတန်
ရာဇဝတ်တော် ခံရမည်”

ဟုပင် ဆိုခဲ့သည်။

ကျောင်းကြီး၏ ထောင့်ချိုး၌ စိုက်ထားသည့် ဆိပ်ဖလူးရုံကလည်း ဆောင်းရောက်ပြီဆို ပွင့်ရိပ်ပွင့်ရောင်ပြပြီ။ သူပွင့်ပြီဆို သူ့ရနံ့ကို ညကတည်းက ရနှင့်သည်။ ပွင့်ချပ်ကလေးတွေက နုဖတ်ဖတ်နှင့် လက်ထဲထည့်ပြီး ခြေမွလိုက်မည်ဆို အရည်ပျော်သွားမလားပင် ထင်ရသည်။ နီပြေပြေအဆင်း ရှိသည့် ရိုးတံနုနုလေးနှင့် စကြာပုံ ပွင့်ဖတ်ဖြူယွဲ့ယွဲ့လေးများကို လက်တစ်ဖက် ဖြင့်ကောက်ပြီး ရေချိုးဖလားထဲ ထည့်ရသည်။ ပြီးလျှင် ဖလားထဲမှ တိုက်ပန်းကန်ပြားထဲ ပြောင်းထည့်။ ဘုရားကို ဆိပ်ဖလူးပန်းကပ်ပြီးမှ ချောင်ထဲကို ဆွမ်းစားဆင်းကြရသည်။

## (၄)

မြန်မာစာပေသမိုင်း၌ ‘ရှင်ထွေး’ အမည်ခံ စာဆိုနှစ်ဦး ရှိခဲ့သည်။ တစ်ဦးက ရှေးပုဂံကောင်းစားစဉ် ခေတ်က မြန်မာနန်းတွင်းသူတို့ ထုံးဖွဲ့သည့် ဆံထုံးထုံးနည်း ၅၅ မျိုးအကြောင်း ‘အန်ချင်း’ ရေးခဲ့သူ “ရဝေရှင်ထွေး” ဖြစ်၍ နောက်တစ်ဦးက ရတုများဖြင့် ထင်ရှားခဲ့သူ “ရှင်ထွေးနားသိမ်” ဖြစ်သည်။ သူတို့နှစ်ဦး၏ ကိုယ်ရေးအကျဉ်းက ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ကြသည်။ ‘ရဝေရှင်ထွေး’က တောင်ငူမှ အင်းဝသို့ ရောက်လာသည့် မိန်းမစာဆို ဖြစ်၍ ‘ရှင်ထွေးနားသိမ်’က အင်းဝမှ တောင်ငူသို့ ရောက်သွားသည့် ယောကျ်ားစာဆို ဖြစ်သည်။

ရွှေနန်းကြော့ရှင်ဘုရင်နရပတိ၏ ရန်ကိုကြောက်၍ အင်းဝမှ တောင်ငူသို့ ပြေးဝင်ခိုလှုံခဲ့သူတို့၌ ရှင်ထွေးနားသိမ်လည်း ပါဝင်ခဲ့သည်။ ရှင်ထွေးနားသိမ် ကွယ်လွန်ချိန်၌ သူ့ခေါင်းအုံးအောက်မှ စာတစ်စောင်ကို မင်းကြီးညိုက တွေ့သည်။ ရာသီက မိုးအကုန် ဆောင်းအကူး။ ချမ်းမြမြ ညနေခင်း၏ မြင်မြင်သမျှ အရာတိုင်းကလည်း မှုန်တရီ ဝိုးတဝါး။ စစ်ကိုင်းဘက်ကို လှမ်းကြည့်မိပြန်တော့ အုံ့မှိုင်းနေသည့် မြူနှင်းများအကြားမှ ပုညရှင်စေတီ

mgyoe.com

mgyoe.com


တော်ကို မပို့တပီ လှမ်းမြင်နေရသည်။ အင်းဝ၏ ဆောင်းညနေမြင်ကွင်းကို သူက ဘယ်လိုမှ မေ့မရနိုင်ခဲ့။ အင်းဝကို လွမ်းစိတ်ဖြင့် ရေးခဲ့သည့် ထိုရတုက စာဆို၏ ကျော်ကြားလှသည့် ရတုတစ်ပုဒ်လည်း ဖြစ်သည်။

"နတ်တော်ဆန်း၍
ထွန်းလျှံရောင်ဝါ၊ သူရိယာလျှင်
အဝါမပူ၊ အဖြူအနီ
စုံစီခြယ်လွင်၊ ပြင်ထပ်တင်၍
နေဝင်မြင်သည်၊ ဝရွှေပြည်ကား
ဆည်းရည်ပတ်ချုပ်၊ မှိုင်းအုပ်ပျပျ၊
ပုညတောင်ဆီ၊ ရီလျက်မလင်း
မဝင်းအုံ့မှိုင်း၊ စစ်ကိုင်းတဖက်
သန်လျက်ပေါ်ထွန်း၊
ကျွန်းမျှားတံခွန်၊ နန်းဗိမာန်သည်
လေသွန် ဖြည်းလှည့်လိမ့်တကား"။

## (၅)

ဆောင်းရောက်လျှင် နေက တောင်ဘက်စောင်းစောင်း လမ်းကြောင်းအတိုင်း ရွေ့လျားသည်။ နေ့တာတို၍ ညတာရှည်သည်။

"ဆောင်းလရက်လျှင်၊ ရာသီဝင်က
လျှံထင်ဝင်းဝါ၊ သူရိယာလျှင်
တောင်ညာအနား၊ လှည့်၍သွားသော်
နေ့အားကားနည်း၊ ညဥ့်အားသည်းသည်
ခရီးရှည်ခဲ့"

ဟု 'ထောင်သင်းမှူးနဝဒေးကြီး' က ဆိုသည်။

မိမိတို့ အညာဒေသ၌ နှင်းတွေ အတွဲလိုက်ကြီးခဲနေသည့် မြင်ကွင်းမျိုးကို မတွေ့ခဲ့စဖူး။ အေးလှပါသည်ဆိုသည့် မေမြို့ဆောင်း၌ပင် ထိုမြင်ကွင်းမျိုးကို မတွေ့မိစဖူး။ သို့သော် မြန်မာပြည်မြောက်ပိုင်း တစ်နေရာ၌ကား သစ်ပင်ထိပ်ဖျား၊ အိမ်ခေါင်မိုးဖျား စသည်တို့၌ ပိတ်ပိတ်သည်းသည်း တွဲလွဲခိုနေ

mgyoe.com

mgyoe.com


သည့် ထိုမြင်ကွင်းမျိုးရှိနေကြောင်း ဓာတ်ပုံ၊ ဗွီဒီယိုတို့မှတစ်ဆင့် သိလိုက်ရသည်။

"ပုလဲဥ နှင်းပေါက်
ကင်းထောက်တဲ့ လေပြန်
မင်းမြောက်ပေ့ ဟေမန်
မသေကျန် ကံကောင်း။
လူမို့သာ လျှလျှခံတယ်
မြရေနံ ခံရတဲ့ဆောင်း"

ဟု ဖွဲ့ဆိုထားသည့် ဦးပုည၏ ဆောင်းဖွဲ့တေးထပ်တစ်ပုဒ်မှာတော့ သူ့ဆောင်းက မိမိတို့သိသည့် ဆောင်းထက် ပိုအေးနေခဲ့သည်။

"အေးလှလို့ ဝဇီရာ၊
ဗီဇနာ မကောင်း၊
ကတ္တီပါစောင်ပေါင်း၊
ထောင်သောင်းလောက် ခြုံတယ်"

ဟုလည်း သူက ဆိုပြန်သည်။

'ဆောင်း၏ နှင်းပွင့်နှင်းစက်တို့က စိန်သွားနှင့် အလားတူသည်။ စိန်သွားဖြင့် အထိုးခံရသည့်အလား စူးစူးခိုက်ခိုက် အေးလှပါသည်။ ကတ္တီပါစောင်တို့ကို ထောင်ချီ သောင်းချီ ခြုံထားရပါ၏' ဆိုသည့် အဆိုကတော့ သိသိသာသာ အကဲပိုလေပြီဟု ဆိုရမည်သို့ ရှိပါ၏။ သို့သော် ဤသို့ဆိုကာမှုဖြင့် စာဆိုကို "ပလီနိုင်လွန်းသူ" ဟုကား ဆိုသင့်၏မထင်။ ရာသီဖွဲ့စာတို့၌ ဤသို့သော အပြောက်အမွှမ်းတို့ကလည်း အမှန်တကယ် လိုအပ်ခဲ့မည်သာ ဖြစ်ပါ၏။ ထိုအပြောက်အမွှမ်းတို့ကြောင့်ပင် ရာသီ၏အလှက ရုပ်လုံးကြွ တက်လာခြင်း ဖြစ်ရာ၏ဟုလည်း ဆောင်းအေးအေး၌ တွေးနေမိပါသည်။

Daily Eleven

19-1-2017

ကျမ်းကိုး – စာဆိုတော်များ အတ္ထုပ္ပတ္တိ (မောင်သုတ)

❐

mgyoe.com

mgyoe.com

# [၂]
# ပုဂံချစ်စိတ်

## (၁)

ကိုယ့်ရေကိုယ့်မြေကို ချစ်တတ်သည့်စိတ်က လူတိုင်းမှာရှိသည်။ ကိုယ့်ရေကိုယ့်မြေက သူများရေသူများမြေအောက် နိမ့်ကျပါသည် ဆိုစေဦးတော့ စိတ်က ကိုယ့်ရေကိုယ့်မြေကိုသာ စွဲစွဲလမ်းလမ်း ရှိစမြဲဖြစ်သည်။ လူနေမှုအဆင့်မြင့်၍ အရာရာ တိုးတက်ပါသည်ဆိုသော အိမ်နီးချင်းနိုင်ငံအချို့သို့ ရောက်ခဲ့စဉ်က သူ့နိုင်ငံနှင့် ကိုယ့်နိုင်ငံကို စိတ်က ချိန်ထိုးကြည့်မိသည်။ သူ့နိုင်ငံက ကိုယ့်နိုင်ငံထက် အစစအရာရာသာတာ သေချာပါသည်။ သို့သော် စိတ်က ကိုယ့်နိုင်ငံလောက်တော့ နှစ်နှစ်ကာကာမရှိချင်။

ထိုစိတ်ခံစားမှုက တစ်ယောက်နှင့်တစ်ယောက်တော့ တူချင်မှ တူပါလိမ့်မည်။ "အဲဒီနိုင်ငံမှာသာ နေရမယ်ဆိုရင် ဘာနဲ့ပဲ လဲရလဲရ" ဆိုသူတို့လည်း ရှိကောင်းရှိနိုင်သည်။ ထိုသို့ ဆိုကာမျှဖြင့် သူတို့ကို အပြစ်ဆိုဖို့တော့ လိုမည်မထင်။ ဒါက သူ့အခွင့်အရေးပဲ မဟုတ်ပါလား။ သို့သော် လူတိုင်းမှာတော့ ထိုသဘောမျိုး ရှိမည်မထင်ပါ။ သူ့ရေသူ့မြေက ဘယ်လောက်ပဲ ချမ်းသာချမ်းသာ၊ ဘယ်လောက်ပဲ ခေတ်မီခေတ်မီ၊ ကိုယ့်ရေကိုယ့်မြေမှာ

mgyoe.com

mgyoe.com


နေရသည်လောက် စိတ်ထဲ ကျေကျေနပ်နပ်မရှိလှ။ အရာရာအပေါ် စိတ်ချလက်ချ မရှိချင်သလိုလို၊ တစ်ခုခုက လိုမြဲလိုနေသည် ထင်သည်။

တစ်ခုတော့ ရှိသည်။ ကိုယ်တို့တွေ တိုင်းတစ်ပါးသို့ ရောက်ခြင်းဆိုသည်က အလည်အပတ်သဘော ရောက်ရခြင်းပေမို့ ဧည့်သည်စိတ်အခံ ရှိနေသည်ကိုတော့ မငြင်းသာ။ မည်သည့်ဒေသသို့ မည်သည့်အဆင့်ဖြင့် သွားရောက်ရသည်ဖြစ်စေ ဧည့်သည်သည် ဧည့်သည်သာ ဖြစ်သည်။ ဧည့်သည်၏အဓွန့်တွင်၌ ဧည့်သည်စိတ်က ကိန်းနေတတ်သည်။ လူဆိုသည်က ကိုယ့်အိပ်ရာရှိသည့်အရပ်လောက် ဘယ်အရပ်ကိုမှ တမြတ်တနိုး ရှိလှသည်မထင်။

မြို့ပြ၌ အခြေချ၍ ကြီးပွားချမ်းသာနေသည့် သားသမီးတို့က သူတို့မိဘများကို သူတို့နေရာမြို့ပြသို့ အပြီးအပိုင် ပြောင်းလာစေချင်ကြသော်လည်း မိဘတို့က ကိုယ့်တောရွာလေးမှ မခွာချင်။ တောသူတောင်သား မိဘများက သူတို့ရွာလေးကိုပဲ ချစ်ကြသည်။ ကိုယ့်တောရွာလေးမှာပဲ အရိုးထုတ်လိုကြသည်။ လူက အသက်အရွယ်ရင့်လေလေ ဒေသချစ်စိတ်က ပိုလို့ ကြီးမားလေလေလား မဆိုနိုင်။ ဒါက ကိုယ့်ရပ်ကိုယ့်ဒေသအပေါ် မြတ်နိုးတနာ ရှိတတ်ကြခြင်းနှင့်စပ်၍ ဆန်းစစ်ကြည့်ကာမျှသာ ဖြစ်ပါ၏။

## (၂)

နိုင်ငံချစ်စိတ်နှင့် ပတ်သက်၍ ပြောစရာစကားအချို့တော့ ကိုယ့်မှာ ရှိသည်။ ကိုယ်ရေကိုယ့်မြေကို စိုးအုပ်နေသူတို့၏ ကျင့်စဉ်ကို မနှစ်မြို့၍ ဖြစ်စေ၊ ကိုယ့်နိုင်ငံတော်က ကိုယ့်နိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် ပတ်သက်၍ စိတ်ချရလောက်သည့် ဘဝအာမခံချက်ကို မပေးနိုင်၍ဖြစ်စေ၊ မရှိမဖြစ် လိုအပ်ချက်များဖြစ်သော ရေမီးစသည်ကိုသော်မျှ မလောက်မင သုံးစွဲနေရခြင်းတို့ကြောင့်ဖြစ်စေ ကိုယ့်နိုင်ငံနှင့် သူ့နိုင်ငံကို နှိုင်းယှဉ်မိလေတိုင်း ကိုယ့်နိုင်ငံအပေါ် ဘဝင်မကျ ဖြစ်ရခြင်းမျိုးတော့ ရှိနိုင်သည်။ ထိုအခါမျိုး၌ "ငါတို့တွေ ကံမကောင်းလွန်းလို့ ဒီနိုင်ငံမှာ လူလာဖြစ်ရတာ" ဆိုသည့် အတွေးမျိုး ဝင်ကောင်းဝင်နိုင်သည်။ အခန့်မသင့်လျှင် ထိုစကားမျိုးကို နားနှင့် ဆတ်ဆတ် ကြားရနိုင်သေးသည်။ ထိုအခြေခံစိတ်ဖြင့်ပင် ကိုယ့်ရေကိုယ့်မြေ

mgyoe.com

mgyoe.com


ကို စွန့်ခွာ၍ တိုင်းတစ်ပါးသို့ အပြီးပိုင် ရွှေ့ပြောင်းသွားကြသူတို့လည်း ရှိကြပါလိမ့်မည်။

သို့သော် ထိုကိစ္စက အနည်းစုပဲ ဖြစ်မည်ထင်သည်။ အများစု၏ စိတ်မှာတော့ ထိုသဘောမျိုး မရှိတန်ရာ။ ကိုယ်က သည်နိုင်ငံသား ဖြစ်လေတော့ သည်နိုင်ငံကိုပဲ ချစ်ကြပါလိမ့်မည်။ သည်နိုင်ငံသားမို့ သည်နိုင်ငံကို ချစ်ခြင်းအပေါ် မည်သူကမှလည်း အပြစ်ဆိုစရာအကြောင်း မရှိပါ။ ဆင်းရဲတာ တစ်ခုတည်းနှင့်ပဲ ကိုယ့်နိုင်ငံကို မချစ်ရတော့ဘူးတဲ့လား။ ဆင်းရဲဆင်းရဲ ချမ်းသာချမ်းသာ ကိုယ့်ကို လူဖြစ်အောင် မွေးထုတ်လိုက်သည့် ရေမြေမို့ သည်ရေသည်မြေက ကိုယ့်အသက်သခင်ဖြစ်သလို ကိုယ့်ကျေးဇူးရှင်လည်း ဖြစ်သည်။ ကိုယ့်အသက်သခင် ကျေးဇူးရှင်ကို ချစ်ခြင်းသည် စင်စစ်အားဖြင့် မင်္ဂလာတစ်ပါးပဲ ဖြစ်တော့သည်။ ဤသို့မဟုတ်ပါလား။

## (၃)

ဒေသတစ်ခုကို ချစ်သည်ဆိုရာ၌ နယ်မြေပိုင်းခြား၍ ချစ်ခြင်းများကိုလည်း တွေ့ရတတ်သည်။ ပမာအားဖြင့် အညာသားက အညာမြေကို အချစ်ပို၍ တောင်ပေါ်သားက တောင်ပေါ်မြေကို အချစ်ပိုခြင်းမျိုး၊ အလားတူပင် ရန်ကုန်သားက ရန်ကုန်မြို့ကို အချစ်ပို၍ မြစ်ဝကျွန်းပေါ်သားကလည်း သူ့မြစ်ဝကျွန်းပေါ်ဒေသကိုပဲ အချစ်ပိုခြင်းမျိုးကို ဆိုလိုသည်။ ဒါကိုပဲ ဒေသစွဲဟု ဆိုကြပုံရသည်။ တစ်ခုတော့ ရှိသည်။ ဒေသစွဲဆိုသည့် စကားကို သုံးရာ၌ အချို့က ချစ်စနိုးစိတ်ဖြင့် သုံးကြခြင်းဖြစ်သော်လည်း အချို့ကတော့ ထို၏ ဆန့်ကျင်ဘက်အနေဖြင့် သုံးစွဲချင်ကြကြောင်း သတိထားမိသည်။ ထိုအချက်နှင့် ပတ်သက်၍တော့ သုံးစွဲသူ၏ အခွင့်အရေးဟုသာ သဘောထားလိုပါသည်။

သို့သော် မြန်မာတို့၏ ချစ်စရာအလေ့တစ်ခုက အခြားအခြားသော အရပ်ဒေသတို့နှင့် ပတ်သက်၍ "သူ့မြို့၊ ကိုယ့်မြို့၊ မင်းတို့မြို့၊ ငါတို့မြို့" စသည်ဖြင့် သီးခြားဆန်သည့်စကားမျိုး ဆိုတတ်ကြသော်လည်း ပုဂံအပေါ်မှာတော့ ထိုသဘောမျိုး မရှိကြခြင်းဖြစ်သည်။ အားလုံးက ပုဂံကို ကိုယ့်ရေကိုယ့်မြေလို သဘောထားကြသည်။ ကိုယ့်အိမ်ကိုယ့်ရာလို ချစ်မြတ်နိုး

mgyoe.com

ကြသည်။ "မြန်မာဖြစ်ပြီး ပုဂံကို မရောက်ဖူးဘူးရယ်လို့ကွာ" ဆိုသည့် အပြစ်တင်စကားမျိုးကိုလည်း ရံခါ ကြားရတတ်သေးသည်။ သို့သော် ထိုစကားသည် ပုဂံကို မရောက်ဖူးသေးသူ တစ်ယောက်အပေါ် ဖိနှိပ်လိုစိတ်ဖြင့် ဆိုလိုက်သော အထက်စီးဆန်သည့် စကားမျိုးတော့မဟုတ်။ ပုဂံမြေကို ရောက်စေလိုသောဆန္ဒဖြင့် အားမလိုအားမရစိတ်ဖြင့် ဆိုသည့် အဆိုဟုသာ နားလည်မိပါသည်။

ကိုယ့်အနေဖြင့် ပုဂံနှင့်ပတ်သက်၍ အမှတ်တရ အဖြစ်ရဆုံးကတော့ ပထမဆုံးအခေါက် ပုဂံခရီးစဉ်ပဲ ဖြစ်သည်။ ထိုစဉ်က နည်းပညာပိုင်းဆိုင်ရာတို့လည်း မထွန်းကားသေးချိန်မို့ ပို့စကဒ်အချို့၌ တွေ့ခဲ့ဖူးသည်မှလွဲ၍ ပုဂံ၏ ပုံရိပ်ကို ကိုယ့်ဘက်က မဆဝါးနိုင်သေးချိန်။ ထိုအချိန်လောက်မှာ ပုဂံကို ရောက်ရလေတော့ ထင်မထားသည့် မြင်ကွင်းအလှဖြင့် ပုဂံက မျက်လုံးထဲမှာ တကယ်ပဲ ကြည့်မဝရှုမဝ ဖြစ်နေခဲ့ရသည်။ ကြီးမားသော အုတ်အင်္ဂတေ အထုအထည်ဖြင့် တည်ဆောက်ထားသော စေတီပုထိုးများ၊ အနုအလှ ပန်းလက်ရာများဖြင့် တန်ဆာဆင်ထားသည့် နံရံလိုဏ်များကို မြင်လိုက်ရသည့်ခဏ၌ "ဒါ ငါတို့မြေ" ဆိုသည့် ဇာတိသွေးက ရင်ထဲမှာ ဟုန်းခနဲ ထတောက်ပြီး သွေးခုန်နှုန်းတို့ပင် မြန်လာသည်ထင်ရသည်။ မြင်းလှည်းကလေးဖြင့် လည်ပတ်ခဲ့ရသည့် ပထမအခေါက် ပုဂံခရီးက တကယ်ပဲ စွဲငြိစရာ ဖြစ်ခဲ့ရသည်။

## (၄)

တကယ်တော့ ပုဂံက မြန်မာတိုင်း၏ရင်ထဲမှာ ရှိနေသည်။ ပုဂံကို ကိုယ်ထည်ပြု၍ ကဗျာတွေ ဖွဲ့ကြသည်။ ဝတ္ထုတွေ ရေးကြသည်။ သီချင်းတွေ ဆိုကြသည်။ ပန်းချီတွေ ဆွဲကြသည်။ အော်ပရာတွေ၊ ပြဇာတ်တွေ ကကြသည်။ ရုပ်ရှင်တွေ ရိုက်ကြသည်။ ပုဂံသည် အနုပညာရှင်တို့ မျက်စိကျချင်စရာ လွင်ပြင်တစ်ခုဖြစ်သလို စိတ်ကူးအိပ်မက်ကို ဆွဲဆန့်လျှင် ဆွဲဆန့်သလောက် အလျားရှည်နိုင်စွမ်းသည့် အိပ်မက်နယ်မြေတစ်ခုလည်း ဖြစ်သည်။ ပုဂံကို ချစ်ကြရာ၌ ပြည်တွင်းသားတို့သာမက ပြည်ပနိုင်ငံသားအချို့ပင် ရှိသေးကြောင်း မှတ်သားရဖူးသည်။ ရိုးရှင်းလှပသော စိတ်အနေဖြင့်

mgyoe.com

mgyoe.com


ကြည့်တတ်မြင်တတ်သူ မည်သည့်နိုင်ငံသားအတွက်မဆို ပုဂံက လှနေမည်သာဖြစ်သည်။ ပုဂံက အသရေတင့်နေမည်သာ ဖြစ်သည်။ ပုဂံက လူသားအားလုံးနှင့် ဆက်စပ်နေခဲ့သော ဂန္ထဝင်မြောက်သည့် သမိုင်းနယ်မြေတစ်ခုပဲ မဟုတ်ပါလား။ ဒါက ပုဂံအပေါ် ကိုယ်နားလည်ထားသည့် ဆင်ခြင်တုံတရား အပိုင်းအစမျှသာ ဖြစ်သည်။

စကားစပ်၍ ပြောလိုက်ချင်သေးသည်။ စီးပွားရေး လုပ်ငန်းရှင်ကြီးများက ပုဂံမြေမှာ ဟိုတယ်ကြီးတွေ ဆောက်ကြသည်။ ဒါက တိုးပွားလာသည့် ခရီးသွားလုပ်ငန်း ပမာဏအရ လုပ်သင့်လုပ်ထိုက်သည့် အလုပ်တစ်ခုပဲ ဖြစ်သည်။ သို့သော် အချို့က ကိုယ့်စီးပွားရေး တစ်ခုတည်းကိုပဲ ကြည့်သည်။ ကိုယ့်လုပ်ငန်းခွင်တည်ရာနယ်မြေက ပုဂံဆိုတာကို မေ့နေကြသည်။ လူအချို့က ဘာသာရေးကိုယ်ခံအား ကောင်းကြဟန်မတူ။ သဒ္ဓါနှင့်ပညာ ချို့တဲ့ကြပုံရသည်။ ကိုယ့်လုပ်ငန်းမှလွဲ၍ ဘာဆိုဘာမျှ မမြင်အား။ ဘုရားပုထိုးတို့၏ အရိပ်ကို နင်းသူက နင်းသည်။ ခွသူက ခွသည်။ သည်တော့ ပုဂံဒေသရှိ စေတီပုထိုးအချို့က ဟိုတယ်ကြီးများအတွင်းကို အလိုလို ရောက်လာကြရသည်။ နိုင်ငံတကာ ရုပ်သံလိုင်းအချို့ကပင် ထိုအချက်ကို ထောက်ပြလာကြသည်ကို သတိထားမိသည်။ သည်ရေသည်မြေမှာ ဘယ်သူက အရင်ရှိနေခဲ့သလဲ ဆိုသည့် မေးခွန်းကတော့ မလိုအပ်သည့် မေးခွန်းတစ်ခုပဲ ဖြစ်သည်။

ထို့ကြောင့်ပင် ထိုကိစ္စကို နိုင်ငံသားအများစုက မကြိုက်ကြ။ မကြိုက်သည့်အကြောင်းကိုလည်း အကြိမ်ကြိမ် ပြောခဲ့ကြပြီးပြီ။ ထိုကိစ္စနှင့် ပတ်သက်၍ ဆိုင်ရာဆိုင်ရာပုဂ္ဂိုလ်တို့က သဒ္ဓါနှင့်ပညာဖက်၍ စိတ်ဓာတ်နှင့် လုပ်ရပ်ကို ပြင်နိုင်ကြဖို့ပဲ လိုပါသည်။ အဆိုပါဖြစ်စဉ်ကိုကြည့်၍ မြန်မာတို့၏ စိတ်အစဉ်၌ ပုဂံကို ကိုယ့်အဘိုးအဘွားအိမ်ရာပမာ သဘောထားပါသည်ဆိုသည့် အဖြစ်က ထင်ရှားသည်။ "တို့ဝတ္တကမြေကို လာမကျူးကျော်ချင်နဲ့" ဆိုသည့် စိတ်အခံက "တို့ဘိုးဘွားပိုင် ခြံဝင်းထဲကို လာမကျူးကျော်ချင်နဲ့" ဆိုသည့် စိတ်အခံနှင့် အတူပင်။

## (၅)

## ဤရွေ့ဤမျှ သမိုင်းတန်ဖိုး ကြီးမားစွာသော ပုဂံက ကာလအတန်

mgyoe.com

mgyoe.com


ကြာသည်အထိ ရှေးဟောင်းအမွေအနှစ် စာရင်းမဝင်နိုင်သေးပဲ ဖြစ်နေခဲ့ရသည်။ ထိုကိစ္စအတွက် ၁၉၉၆ ခုနှစ်က တစ်ကြိမ် ကြိုးပမ်းခဲ့သော်လည်း ထိုစဉ်က မအောင်မြင်ခဲ့။ ခုတော့ အောင်မြင်ခဲ့ပါပြီ။

ပြီးခဲ့သည့် ဇူလိုင် ၆ ရက် (၆–၇–၂၀၁၉) နေ့ကတော့ ပုဂံကို ရှေးဟောင်းအမွေအနှစ် စာရင်းဝင်ဒေသအဖြစ် ကမ္ဘာက အသိအမှတ်ပြုခဲ့ပါပြီ။ အဇာဘိုင်ဂျန်နိုင်ငံ၊ ဘာကူမြို့၌ ကျင်းပသည့် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ (Unesco) ၏ ၄၃ ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီညီလာခံက ထိုကိစ္စကို အဆုံးအဖြတ်ပေးခဲ့ခြင်း ဖြစ်သည်။ ထိုအစည်းအဝေးပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ နှလုံးသားထဲက ပုဂံဓာတ်ပုံ အနုပညာရှင် အဖွဲ့ဝင်များနှင့် ပုဂံကို ချစ်မြတ်နိုးသော အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

ပုဂံကို ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ဖို့အတွက် ၂၀၁၄ ခုနှစ်လောက်မှ စတင်၍ ပြင်ဆင်ခဲ့ရသည်။ ထိုကိစ္စအတွက် သက်ဆိုင်ရာဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းပြည်ပ ပညာရှင်များ၊ ဒေသခံ ပုဂံချစ်သူများ၊ နှလုံးသားထဲကပုဂံ ဓာတ်ပုံအဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စီမံခန့်ခွဲရေးဆိုင်ရာ အစည်းအဝေးများ၊ စာတွဲပြုစုရေးသားခြင်းဆိုင်ရာ အစည်းအဝေးများ၊ GIS Dataကောက်ယူရေးလုပ်ငန်းများ၊ သုတေသနဆိုင်ရာ အချက်အလက်များနှင့် ပြတိုက်သုတေသနပိုင်းဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်း စသည့် ကိစ္စအဝဝကို ကြိုတင်ပြင်ဆင်ခဲ့ကြရကြောင်း သိရသည်။ အားလုံးက ပုဂံချစ်စိတ်အရင်းခံဖြင့် မမောနိုင်မပန်းနိုင် လှုပ်ရှားဆောင်ရွက်ခဲ့ကြခြင်းပဲ ဖြစ်သည်။

ခုတော့ ပုဂံနှင့်ပတ်သက်၍ သူတို့အားလုံး အမောပြေခဲ့ရသလို ကျွန်ုပ်တို့အားလုံးလည်း ပျော်ရွှင်ကြရပါပြီ။ အဆုံးမတော့ ပုဂံက ပုဂံနှင့်ထိုက်တန်သော နေရာတစ်ခုသို့ အသေအချာ ရောက်ခဲ့ရပြီပဲ ဖြစ်သည်။

Daily Eleven

15-7-2019

အချက်အလက် – အင်တာနက်

❒

mgyoe.com

mgyoe.com

# [၃]
# သစ်ပင်အောက်က ထိုင်ခုံလေးများ

## (၁)

ကြံ့ဖွံ့သမျှနွေတို့တွင် အပူဆုံးနွေဟု မဆိုသာသော်လည်း သည်နှစ်နွေက အတော်လေးတော့ ပူသည်။ ရာသီက ပူရသည့်အထဲ လျှပ်စစ်မီးက မကြာမကြာပျက်နေသည်မို့ လျှပ်စစ်ကိုအခြေပြု၍ အေးရချမ်းရသည့် ခေတ်ပေါ် အသုံးအဆောင်တို့လည်း မအေးနိုင် မချမ်းနိုင်ရှာ။ သည်တော့ လက်စွဲတော်ယပ်တောင်ကို ဖျပ်ဖျပ်လှုပ်လှုပ်ခတ်၍ နွေအပူကို အန်တုရသည်။ အလည်အပတ်ရောက်လာကြသည့် ဧည့်သည်တို့ပင် အဆောက်အအုံထဲမှာ တာရှည်မနေနိုင်။ ရရာယပ်တောင် ကိုင်စွဲ၍ အပြင်ဘက်ကို ထွက်ကြရသည်။ အပြင်ဘက်ဆိုသည်က ပိတောက်ပင်အောက်က ထိုင်ခုံများရှိရာဆီ။

## (၂)

သည်မြေကို ရောက်စကာလက ကျောင်းရှေ့မှာ မှတ်လောက်သားလောက်သည့် သစ်ပင်ဟု မရှိခဲ့။ အုတ်ကန်ထောင့်၌ ပေါက်ရောက်သည့် သရက်ပင်တစ်ပင်သာ ရှိခဲ့သည်။ ထိုအပင်ကလည်း ရောက်သည့်နှစ်မှာပဲ

mgyoe.com

mgyoe.com


ပြိုလဲသွားသည်။ မှတ်မှတ်ရရ ထိုနှစ်က တိုက်ခတ်သော လေမုန်တိုင်းဒဏ်ကြောင့် ကိုယ်တို့ အနီးဝန်းကျင်ရှိ အပင်ကြီးငယ်မှန်သမျှ အတုန်းအရုန်းလဲပြိုကြသည်။ ကျောင်းရှေ့က သရက်ပင်လောက်ကို မဆိုထားဘိ။ လူနှစ်ဖက်စာနီးနီးရှိသည့် ၃၅ လမ်းဘေးမှ ကုက္ကိုပင်ကြီးများပင် အချို့ကကိုင်းဖျားကိုင်းနား၊ အချို့က ခါးလယ်လောက်မှ ထက်ပိုင်းပိုင်းကာ ကျိုးသည့်အပြင် ဓာတ်ကြိုးများပါ ပြတ်တောက်သွားခဲ့သည်။ ပေါင်လယ်သာသာပမာဏရှိသည့် ကိုယ်တို့သရက်ပင်လေးကတော့ အမြစ်ကပါ ကျွတ်ထွက်သွားရရှာသည် ဆိုပါစို့။

မြင်ကွင်းအောက်မှ သရက်ပင်လေး ပျောက်သွားချိန်၌ ထိုနေရာမှာပဲ သရက်ပင်လေးတစ်ပင်ကို အစားထိုးပြီး စိုက်ခဲ့သည်။ နောက်တော့ မြောက်ဘက်ခြမ်းက အုတ်ခုံအခြေမှာ တမာပင်လေးတစ်ပင် အလေ့ကျပေါက်လာသည်။ နွယ်မြက်သစ်ပင်တို့ကို ရှင်းလင်းကြချိန်၌ တစ်ပေသာသာအရွယ်ရှိ ထိုတမာပင်လေးကို မပယ်မနုတ်ဘဲ ချန်ထားလိုက်သည်။ နောက်တော့ တမာပင်လေးကလည်း သူနှင့်အပြိုင် ယှဉ်မွေးလာသည့် သရက်ပင်လေးနှင့်အတူ တစ်စတစ်စ မြင့်တက်လာခဲ့သည်။

လွန်ခဲ့သည့် ၁၀ နှစ်ကျော်က ကောလင်းမှ အပြန်၌ မိတ်ဆွေများက ကွမ်းသီးများကို လက်ဆောင်ပေးလိုက်သည်။ ကိုယ်က ကွမ်းသီးပင် စိုက်ချင်သည်ပြောတော့ ပျိုးလို့ရမည့် ကွမ်းသီးလုံးအမှည့်တွေကိုပါ ထည့်ပေးလိုက်သည်။ သရက်ပင်အနီးအနားက မြေကွက်လပ်မှာ ကွမ်းသီးရင့်ရင့်အချို့ကို ပျိုးလိုက်တော့ အညှောက်အစို့လေးတွေ ထွက်လာသည်။ ထိုကွမ်းပင်ညှောက်များကို အရှေ့မြောက်ထောင့်မှာ စီတန်းပြီး စိုက်လိုက်သည်။ သုံးလေးနှစ်ကြာချိန်၌ ကွမ်းသီးပင်တွေက တစ်သီတစ်တန်းကြီး ရုပ်လုံးပေါ်လာသည်။ မြေနေရာက ကျဉ်းသည်မို့ ကွမ်းသီးပင်များက ကျပ်သပ်နေသည်။ ဒါကိုမြင်သည့် ဘုန်းကြီးတစ်ပါးက "မင့်ဟာက စားဖို့စိုက်တာလား၊ အရိပ်ရဖို့စိုက်တာလား" ဟုပင် မေးယူရသည်။ကိုယ်တို့အညာဘက်၌ ထန်းနှင့်အုန်းကို အတွေ့ရများသော်လည်း ကွမ်းသီးပင်ကိုကား မြင်ရခဲသည်။ တရိပ်ရိပ် မြင့်တက်လာသည့် ကွမ်းသီးပင်များကို တစိမ့်စိမ့်ကြည့်ရင်း စိတ်ထဲ ကျေနပ်ပီတိဖြစ်ခဲ့သည်တော့အမှန်။

mgyoe.com

mgyoe.com


"ကွမ်းသီးပင်ကိုများ စိုက်နေရတယ်လို့ ကိုယ်တော်၊ အသီးဝယ်စားလည်း ရတာပဲဟာကို"ဟု အချို့က ဆိုချင်ကြသည်။ ကွမ်းသီးပင်ကို စိုက်ထားသည်က အသီးကို လိုချင်လှ၍မဟုတ်။ အပင်၏ကျက်သရေကို သဘောကျ၍ ဖြစ်သည်။ ကွမ်းသီးပင်တွေက မော့ကြည့်လျှင် ခေါင်းပေါင်းကျွတ်ကျလောက်အောင် မြင့်နေပြီဖြစ်သော်လည်း အပင်က အသီးကိုကားစားရသည်ဟု မရှိခဲ့။ ကိုယ်တွေက မပြုမပြင်တတ်၍လည်း ဖြစ်ချင်ဖြစ်မည်။ သို့သော် ထိုအပင်မှ ထိုအသီးကို မတောင့်တခဲ့ရိုးကား အမှန်။ ထိုအပင်က အသီးသိပ်မထွက်သလို ကိုယ်ကလည်း သည်လောက်ကြီး မက်မက်မောမော မရှိလှ။

ကိုယ့်အနေဖြင့်သော် ပန်းချီကားတွေထဲကလို ဘုန်းကြီးကျောင်းနှင့် ကွမ်းသီးပင်တန်းတို့ အချိတ်အဆက်မိနေသည့် မြင်ကွင်းကို မြင်ရသည်နှင့်ပင် စိတ်က အဆာပြေလှပြီ။ ဆရာပေါ်ဦးသက် ပန်းချီကားတွေထဲမှာတော့ အချွန်အတက်တွေပါသည့် ကျောင်းအိုကြီးဘေးမှာ ကွမ်းသီးပင်၊ အုန်းပင်တွေက ရံလို့၊ ခိုလေးတွေက ပျံလို့၊ နောက်ပြီး တံမြက်လှည်းနေသည့် ဘုန်းကြီးအိုကြီးတစ်ပါးနှင့် အမြီးထောင်ပြီး ပြေးလွှားနေကြသည့် ကျောင်းခွေးတွေလည်း ပါလိုက်သေးသည်။ မြင်ကွင်းက ရှေးဆန်သည်ပြောရမည်လား၊ အညာဆန်သည်ပဲ ပြောရမည်လားမသိ။ ဘာပဲပြောပြော ရှေးဆန်ချင်သည့် ထိုမြင်ကွင်းကပင် အင်မတန်လှပပြီး ချစ်စရာကောင်းနေခဲ့သည်။

## (၃)

ကိုယ်က နေရာကျောင်းကို သစ်ပင်များနှင့် ရံပတ်ထားချင်သည်။ ကံအားလျော်စွာပင် တောင်ဘက်တံတိုင်း အပြင်ဘက်မှာ ကုက္ကိုပင်လေးတစ်ပင် ပေါက်လာချိန်၌ "အပင်လေး ကြီးလာရင်" ဆိုသည့်အတွေးဖြင့် ကြိုပြီး စိတ်ကူးယဉ်နေခဲ့ဖူးသည်။ သို့သော် သီတင်းကျွတ်ရာသီရောက်၍ ကျောင်းတွင်းကျောင်းပြင် သန့်ရှင်းရေးလုပ်ကြချိန်၌ ငါ့ရှင်တို့ အုပ်စုက စိတ်ကူးဖြင့်မွေးထားသည့် ကုက္ကိုပင်ပေါက်စကို ခုတ်ပစ်လိုက်ကြသည်။ "မင်းတို့ မိုက်လိုက်တာကွာ"ဟု မြည်တွန်တောက်တီးသမှုပြုရင်း မရှိတော့သည့် ကုက္ကိုပင်လေးကိုသာ စိတ်က လွမ်းနေမိရသည်။ ကံက သင့်ချင်ပြန်

mgyoe.com

mgyoe.com


တော့ ထိုနေရာအနီး၌ပင် နောက်ထပ် ကုက္ကိုပင်လေးတစ်ပင် ပေါက်ရောက်လာပြန်သည်။ သည်တစ်ခါတော့ အပင်ပေါက်ကို တွေ့စကတည်းက "အဲဒါ ငါ့အပင်နော်၊ ခုတ်လားရှင်းလား မလုပ်ကြနဲ့ဗျ" ဆိုပြီး အော်ကျယ် အော်ကျယ် လုပ်ထားရသည်။ ခုတော့ ထိုကုက္ကိုပင်လေးကလည်း လူတစ်ကိုယ်စာမကသည့် ကိုယ်လုံးတုတ်တုတ် အပင်ကြီးပုံစံဖြင့် လောကကို အလှဆင်နေပါပြီ။

အနောက်ဘက် တံတိုင်းခြေမှာ ဇာဒ်ပင်လေး လာပေါက်တော့ အတွေ့အကြုံအရ ငါ့ရှင်အုပ်စုကို ကြိုပြောထားရသည်။ အပင်က တံတိုင်းဟိုဘက်ခြမ်းမှာ ပေါက်နေသည်မို့ ထိုအပင်လေး ဘယ်အချိန်က ပေါက်နေမှန်းပင် မသိလိုက်။ ကိုယ်တို့မြင်တော့ သူက လူတစ်ရပ်စာနီးနီးပင် ရှိနေခဲ့ပြီ။ ဒကာမကြီးတစ်ယောက် လာပို့သည့် ရွှေဝါးပင်လေးများကိုလည်း ဇာဒ်ပင်လေး မြောက်ဘက်မှာ ကပ်ပြီး မြေချလိုက်သည်။ သူလာပို့တုန်းက ပန်းအိုးလေးထဲ ထည့်လျက်သား။ အပင်ကလည်း မျှင်မျှင်သေးသေးလေးမို့ အလှစိုက် ဝါးပင်လေးများလို့ပဲ ထင်ခဲ့သည်။ နောက်တော့ အပင်က အိုးနှင့်မဆံ့လောက်အောင် ပြန့်ကားလာသည်မို့ မြေချတာပဲ ကောင်းမယ်ထင်ပါရဲ့ဆိုပြီး ချလိုက်ခြင်းဖြစ်သည်။ သည်လောက်ထိကြီးမည် ထင်မထားခဲ့။ တကယ်တော့ သူကလည်း အပင်ကြီးမျိုးပဲ ဖြစ်နေသည်။

နှစ်ပင်စလုံးက ဆောင်းနှောင်းကာလ ရောက်ပြီဆို အရွက်တွေ ခြွေချကြသည်။ နီနီရဲရဲ ဇာဒ်ရွက်ရင့်တို့က ပတ္တမြားသွေး ထနေအောင် လှသလို ရွှေဝါရောင်တောက်နေသည့် ဝါးရွက်များ လေအသွဲ့၌ ဝေ့ဝေ့ဝဲဝဲ ကြွေဆင်းလာပုံကလည်း အမြင်မှာ ချစ်စရာကောင်းလှသည်။ နွေရောက်ပြီဆိုလျှင်တော့ ထိုနှစ်ပင်စလုံးက အနီးဝန်းကျင်ကို အေးရိပ် ပေးကြစမြဲ။

## (၄)

နောက်တော့ ဆွမ်းစားကျောင်းခေါင်းရင်းက မြေကွက်လပ်မှာ အပင်တွေစိုက်ဖို့ စိတ်ကူးရလာသည်။ စိတ်ကူးဝင်နေစဉ်မှာပဲ ဒကာတစ်ယောက်က ရေတမာပင်ပေါက်လေးတွေ လာပို့သည်မို့ အဆင်ပြေသွားသည်။ မြောက်ဘက်ထိပ်ထောင့်မှာ တစ်ပင်စိုက်ပြီး ကျန်အပင်တွေကိုတော့ တံတိုင်းတောင်

mgyoe.com

mgyoe.com


ဘက်မှာ တန်းချလိုက်သည်။ "ရေတမာပင်လေး ကြီးလာရင် အုံ့အုံ့ဝိုင်းဝိုင်းနဲ့ လှလိုက်မှာ" ဟု တွေးထားသော်လည်း ထိုအပင်က အထက်ကို ရှူးတက်သွားသည့် အပင်မျိုး ဖြစ်နေသည်။ အပင်က ဘာမှသိပ်မကြာခင် အထက်ကို ထောင်တက်သွားသည်။ လေပြင်းလာလျှင် ကျိုးကျမှာစိုးသည်မို့ အပင်ကို ခါးလောက်က ပိုင်းလိုက်ရသည်။ နောက်တော့လည်း ထိုနေရာမှပင် အပေါ်ကို ထောင်တက်သွားပြန်သည်။ ကိုယ်လည်း ဘာမှမတတ်နိုင်။ သည်အတိုင်းပဲ ကြည့်နေလိုက်ရသည်။

ဗဟိုကျသည့် သည်ဘက်ခြမ်းက ကွက်လပ်မှာတော့ စိတ်တိုင်းကျ အပင်တစ်ပင်ကိုပဲ စိုက်မည်စိတ်ကူးသည်။ ဘာပင်စိုက်ရကောင်းမလဲ တွေးမိတော့ အရှေ့ဘက်ကျောင်းက ပိတောက်ပင်ကြီးကို စိတ်က ပြေးမြင်သည်။ ပူသောအိုက်သော နွေရက်များ၌ ထိုပိတောက်ပင်ကြီးအောက်မှာ သူသူငါငါ ထိုင်ပြီး နွေခိုကြသည်ကို သတိထားမိသည်။ သည်ကတည်းက ပိတောက်အပေါ် ၉၀ ရာခိုင်နှုန်းမက စိတ်ညွတ်ပြီး ဖြစ်နေသည်။ သို့သော် ကိုယ်မကြိုက်သည့် တစ်ချက်တော့ဖြင့် ရှိသည်။ ဒါက ပိတောက်နှင့်တော့ မဆိုင်။ လူတွေနှင့်သာ ဆိုင်သည့်ကိစ္စ ဖြစ်သည်။ မိုးလေး တစ်ဖြောက်နှစ်ဖြောက် ကျလို့ ပိတောက်တွေများ ပွင့်ပြီဆိုလျှင် အရပ်ထဲကလူတွေ ရောက်လာပြီး အပွင့်နှင့် အခက်တွေကို ချူးလားချိုးလား လုပ်ကြသည်။ ကိုယ်က ဒါတွေကို မကြိုက်။ "အပွင့်၏အလှသည် အပင်မှာပဲ ရှိသင့်သည်" ဟုသာ ကိုယ်က မြင်သည်။ ကိုယ့်အမြင်က ရှေးရိုးဆန်ကောင်း ဆန်မည်ဖြစ်သော်လည်း ခုထိလည်း ထိုအမြင်ကို လက်မလွှတ်နိုင်သေး။

သို့ဖြင့် "ငါ့ပိတောက်ကို အပင်ထက်မှာပဲ လှနေစေရမယ်" ဆိုသည့် စိတ်ကတစ်ဝက်၊ "မန္တလေးရဲ့ နွေအပူကို ပိတောက်ရိပ်နဲ့ ချေဖျက်မယ်" ဆိုသည့်စိတ်က တစ်ဝက်ဖြင့် ထိုနေရာ၌ စိုက်မည့်အပင်က ပိတောက်ဆိုတာ သေချာသွားခဲ့သည်။ ကျပ်လုံးသာသာ ကိုယ်ထည်ရှိသည့် ပိတောက်ကိုင်းလေးကို မြေမှာချလိုက်တော့ အပင်က စက္ကူပန်း ချုံပင်လို ကန့်ကလျဖြင့် ယိမ်းထိုးနေသည်။ နောက်တော့ ဘာကဘယ်လို အစပ်အဟပ်မတည့်သည် မသိ။ ပိတောက်ကိုင်းလေးက သွေ့ခြောက်သွားခဲ့သည်။ သို့ဖြင့် သုံးကြိမ် သုံးလီ ထပ်တလဲလဲစိုက်ပြီးကာမှ အမောင်ပိတောက်က ရှင်သန်တော်မူ

mgyoe.com

mgyoe.com


သည်။ ဒါတောင် အပင်ပျိုလေးက ယိမ်းယိမ်းနွဲ့နွဲ့ ဖြစ်နေသည်မို့ ကြိုးဖြင့် ဖမ်းထိန်းထားရသေးသည်။ ခုတော့လည်း သူက "ပိတောက်ပင်ကြီး" ဆိုသည့် အမည်နာမဖြင့် အတင့်ကြီး တင့်နေခဲ့ပါပြီ။

(၅)

ဆွမ်းစားကျောင်းလေးမှာ ပန်းရံလက်သမား ဝင်တော့ ပိတောက်ပင်အောက်မှာ အုတ်ထိုင်ခုံလေးတစ်လုံး လုပ်ခိုင်းလိုက်သည်။ ကြမ်းခင်းအဟောင်းတွေထဲက ကောင်းနိုးရာရာတို့ကို ဆက်စပ်ပြီး ကွပ်ပျစ်ထိုင်ခုံလေးနှစ်လုံးလည်း လုပ်ခိုင်းလိုက်သည်။ အုတ်ထိုင်ခုံလေးကို ကြွေပြားကပ်၊ အသားကွပ်ပျစ်လေးကို သဘော်ဆေး သုတ်လိုက်တော့ ထိုင်ခုံလေးတွေက ရုပ်လုံးကြွလာသည် ထင်ရသည်။ အပင်အောက်က ထိုင်ခုံလေးတွေမို့လည်း နွေရောက်ပြီလားဆို သူသူကိုယ်ကိုယ် ထိုင်ဖြစ်ကြသည်။ အပင်ထက်မှာ စာကလေးတွေ၊ ရှဉ့်ကလေးတွေရှိပြီး အပင်အောက်မှာ ကိုရင်လေးတွေနှင့် ကြောင်ကလေးတွေ ရှိတတ်ကြသည်။ ရံခါရောက်လာတတ်သည့် ဧည့်သည်များလည်း ထိုထိုင်ခုံလေးများပေါ်မှာပဲ အနားယူတတ်ကြသည်။ ပိတောက်က အစိမ်းအကျက်မရွေး၊ သူ့အောက် ရောက်ရောက်လာသမျှ သက်ရှိအားလုံးတို့ကို အေးရိပ်ပေးသည်။

အလေ့ကျ ပေါက်ရောက်ခဲ့သည်ဖြစ်စေ၊ ကိုယ်တိုင်စိုက်ပျိုး၍ ရှင်သန်ခဲ့သည်ဖြစ်စေ မြေအပြင်၌ သစ်တစ်ပင် ပေါက်ရောက်လာခြင်းသည် လောကအလှတစ်ပါးပဲ မဟုတ်ပါလား။ သစ်ပင်အောက်မှာ ထိုင်ခုံလေးများပါ ရှိနေပြီဆိုလျှင်တော့ ထိုအလှက ပို၍ အတွဲအစပ်မိသော၊ ပို၍ မက်မောဖွယ်ကောင်းသော အလှတရားဖြစ်မည် ထင်ပါရဲ့ဟု တစ်ယောက်တည်း တွေးနေမိပါသည်။

Daily Eleven
20-5-2019

❒

mgyoe.com

mgyoe.com

# [၄]
# နွေကုလားထိုင်

## (၁)

အနောက်ဘက်တံတိုင်း အပြင်ဘက်ရှိ အုန်းပင်မှ အုန်းသီးတစ်လုံး ကြွေကျစဉ်က ဆွမ်းစားကျောင်းခေါင်မိုးပေါ် လာကျသည်။ အမိုးက ကပ်မိုးဆိုတော့ လင်ပန်းတစ်ချပ်စာမျှ အပေါက်ကြီး ဖြစ်သွားခဲ့ဖူးသည်။ နောက်တော့ ကပ်မိုးကို သွပ်အမိုးပြင်ရင်း အုန်းပင်ကိုပါ တစ်ခါတည်း လှဲလိုက်ရသည်။ သစ်ပင်လှဲရသည်ကို စိတ်က မပါသော်လည်း "နောက်တစ်ခါဆိုရင်" ဆိုသည့် စိတ်ကလည်း ရှိနေသည်မို့ သည်တိုင်းလည်း ဆက်မထားရဲခဲ့။

တံတိုင်းတောင်ဘက်မှာလည်း ရေမ ပေပင်ကြီး ရှိနေပြန်သည်။ ပေပင်ကြီးသီးပြီး နောက်တစ်နှစ်၌ ငါတို့ကျောင်းပေါ်များ လဲကျလာရင် အခက်ပဲဆိုသည့် စိတ်ဖြင့် ရင်တထိတ်ထိတ် ဖြစ်ခဲ့ရဖူးသည်။ ပေပင်ကြီးက နည်းသည့် အမြင့်မဟုတ်။ အပင်ကတော့ အိုပါပြီ၊ အရွက်ခြောက်တွေလည်း တွဲရရွဲကျလို့ မြင်ရသည်ကိုက ထိတ်စရာ။ ပေပင်အိုက ကျောင်းအိုပေါ် လဲကျမည်ဆိုလျှင်တော့ မလုပ်တတ်မကိုင်တတ်နှင့် ငါတို့ခမျာ အခက်တွေ့ကြရော့မည်ဆိုသည့် စိတ်က လူကို လာလာလှန့်သည်။ ဘာပဲပြောပြော

mgyoe.com

mgyoe.com


ပေပင်ကြီးက လဲမှာတော့ သေချာနေပြီ။ "ပေတစ်သီး၊ ကျီးတစ်သား" ဟု အဆိုကလည်း ရှိခဲ့သည်မဟုတ်ပါလား။ "လှဲဖို့မလိုပါဘူး ကိုယ်တော်၊ ပေပင်က အိုရင် သူ့အလိုလို ပြိုကျတာ" ဟု အချို့က ဆိုသည်။ နောက်တော့လည်း သူတို့ပြောသည့် အတိုင်းပါပဲ။ ပေပင်အိုကြီးက သူ့ဘာသာ တအိအိ ပြိုကျသွားခဲ့သည်။

(၂)

ရုက္ခဗေဒပညာရှင်တို့ အလိုအားဖြင့် 'ပါလမေစီအီး' မျိုးစာရင်းဝင် အပင်အုပ်စုဟု ရှိသည်။ 'ပါမီ' ဟုလည်း ခေါ်ကြသည်။ ထိုပါမီမျိုးရင်း၌ အုန်း၊ ပေ၊ ထန်း၊ ကွမ်းသီး၊ ဓနိ၊ စလူ၊ စွန်ပလွံနှင့် ဆတ်သွားဖူးတို့ ပါသည်။ ပါမီအုပ်စုဝင် အပင်ပေါင်း ၁၅၀၀ ကျော်ရှိ၍ ပညာရှင်တို့ ဆိုကြသည်။ တကယ်တော့ ငယ်ဘဝတစ်လျှောက်လုံး အရင်းနှီးခဲ့ဆုံးက ပေနှင့် အုန်းမဟုတ်။ ထန်းဖြစ်သည်။ ရွာမှာလည်း ထန်းတွေရှိသလို တစ်မိုးတစ်ဝါ နေခဲ့ဖူးသည့် တောင်သာဘက်မှာလည်း ထန်းပင်တွေက လက်ညှိုးထိုးမလွဲ လောက်အောင်ကို ပေါသည်။

ထန်းပင်ပေါသည့် အရပ်မှ ကလေးတို့ထုံးစံအတိုင်း ငယ်စဉ်ကတော့ အဖေလုပ်ပေးသည့် ထန်းပလပ်မြင်းလေးကို စီးရင်း မြင်းကမပြေးဘဲ ကိုယ်ကချည်းပြေးရသည့် ကစားနည်းနှင့်လည်း ယဉ်ပါးခဲ့ဖူးသည်။ ရွာကျောင်းအရှေ့ဘက်က ယာခင်းထဲမှာ ဘိုးချစ်တို့ထန်းတော ရှိသည်။ ကိုရင်ငယ်ဘဝတုန်းက ထန်းသီးချိုင်ချိန်ဆို ကိုယ်တို့ကလည်း မယောင်မလည်နှင့် ထန်းပင်အောက်ကို ရောက်သွားကြစမြဲ။ သူတို့ကလည်း ကိုရင်လေးတွေ ထန်းသီးစားကြဦးမလားဆိုပြီး မေးမြဲ၊ ပေးမြဲ။

ပြီးလျှင် ထန်းသီးအခိုင်ကြီးကို မနိုင်မနင်းသယ်လာပြီး ထန်းသီးစားဖို့ ပြင်ကြသည်။ သို့သော် ထန်းသီးကို မခွဲတတ်သေး။ ထန်းသီးပေါ် ဓားတင်လိုက်လျှင် ဓားက ထန်းသီးထဲ မစိုက်ဘဲ ခုန်ထွက်လာသည်။ လူကြီးတစ်ယောက်ယောက်ရောက်လာမှ သူ့ကို ခွဲခိုင်းပြီး ကိုယ်တို့ရောသူပါ စားကြရသည်။ ထန်းသီးက သိပ်ရင့်နေလျှင် အဆန်ကို တထုတ်ထုတ် ကိုက်ရသည်။ မနုမရင့်လေးက တုန်တုန်တုန်တုန်နှင့် စားလို့ကောင်းသည်။ အကောင်းဆုံး

mgyoe.com

mgyoe.com


ကတော့ ထန်းသီးဆန်နုနုလေး ဖြစ်သည်။ သိပ်နုသည့် အရည်သောက် အရွယ်လေး ဆိုလျှင်တော့ အဆန်အိမ်ထဲ လက်မသွင်းကာ နှုတ်ခမ်းနှင့် တေ့ပြီး 'ရှုလွတ်' ခနဲ ကော်ထည့်လိုက်ရုံသာ။

## (၃)

ထန်းပင်မြစ်က ဆောင်းတွင်းဆို ပေါ်ပြီ။ မန္တလေးကို ဈေးတက်ရောင်းသည့် အမေတို့အပြန်မှာ ထန်းပင်မြစ်တွေ ပါလာတတ်သည်။ ညညဆို အိမ်ရှေ့မှာ မီးဖိုပြီး ထန်းပင်မြစ်ကို မီးဖုတ်စားကြသည်။ အလယ်အူတိုင်ဘေးမှ အရာလေးကို ခွဲလိုက်ကာမျှဖြင့် နှစ်ခြမ်းခြမ်းပြီးသား ဖြစ်သွားသည်။ လက်နှစ်ဆစ်လောက်လေးတွေ ပိုင်းပိုင်းပြီး ချိုးလိုက်တော့ ဘေးခြမ်းမှာ အမျှင်လေးတွေ ပေါ်လာသည်။ အမျှင်အထွေးကို ဖယ်ပြီးမှ စားကြသည်။ ပါးစပ်ထဲ အမျှင်ပါလာလျှင်လည်း အမျှင်ကို ထွေးထုတ်လိုက်ရုံသာ။ အူတိုင်လေးကို ပွတ်ခြေပြီး ဖြေလိုက်တော့ ယပ်တောင်လေးလိုပုံစံလေး ထွက်လာသည်။ ငယ်ငယ်ကတော့ သူ့ယပ်တောင် ကိုယ့်ယပ်တောင် အလှပြိုင်ကြရသေးသည်။ အချို့ကတော့ ထန်းပင်မြစ်ကို ကြော်ချက်၍လည်း စားကြသည်။

အသက်အရွယ် အတော်ရသည်အထိ ထန်းပင်မြစ်ဆိုသည်ကို ထန်းပင်ကအမြစ်ဟု မသိခဲ့။ သူများတွေကို ပြောပြတော့ မယုံသလိုလို လုပ်ကြသည်မို့ လူတိုင်းကိုလည်း မပြောဖြစ်ခဲ့။ တွေးကြည့်တော့ ကိုယ့်ကိုယ်ကိုယ်ပင် မယုံချင်စရာ။ အကြားဖြင့် ကိုယ်သိထားသည့် နာမည်ကလည်း ထမြစ် (ထန်းမြစ်) ဆိုတော့ ထမြစ်ဆိုတာ စားစရာတစ်မျိုး ဟုသာ နားလည်ထားခဲ့သည်။ ဘယ်ကလာသည်၊ ဘယ်ကဖြစ်သည် မတွေးမိခဲ့။ ကိုယ်နားလည်ထားသည်က ထန်းပင်မြစ်ဆိုလျှင် အခြားသော အပင်ကြီးများလိုပဲ အပင်အောက်ကို စူးစူးကြီး နစ်နေမည်လို့ ထင်ခဲ့တာလည်း ပါမည်ထင်သည်။ တကယ်တော့ ထန်းမြစ်ဆိုသည်က ကိုယ်ထင်ထားသလို ထန်းပင်အောက်ခြေက အမြစ်လည်း မဟုတ်ပြန်။ မြေတွင်မြှုပ်ထားသည့် ထန်းစေ့မှ ပြူထွက်လာသည့် အစို့ဖြစ်သည်။ အဲဒါကိုပဲ ထန်းပင်မြစ်တဲ့။

နောက်တစ်ခုက ငယ်စဉ်ကတည်းက တရင်းတနှီး ရှိနေခဲ့သည့် ထန်းခေါက်တောင်း။ ထန်းခေါက်တောင်းကိုလည်း ဘာကိုရက်လုပ်ထားသည်ဟု

mgyoe.com

mgyoe.com


မသိခဲ့ရိုးအမှန်။ ကာလအတန်ကြာမှသာ ထန်းပလပ်ကို အခွံနွှာပြီး လုပ်ထားသည့်တောင်းမှန်း သိလာရသည်။ ယာခင်းတွေဘက်မှာ ထန်းပင်တွေရှိကြသော်လည်း ကိုယ်တို့အရပ်မှာက ထန်းလုပ်ငန်းဟု သီးခြားရှိမနေ။ အသီးစားနှင့် အရည်သောက်လောက်သာ သုံးကြသည်။ မြင်းခြံ၊ တောင်သာတစ်ဝိုက်မှာတော့ ထန်းက အသက်မွေးဝမ်းကျောင်းနိုင်လောက်အောင် ပေါသည့်အပင်မျိုး ဖြစ်သည်။ သူတို့ဒေသမှာတော့ ယောကျ်ားအများစုက ထန်းတက်၍ မိန်းမအများစုက ထန်းလျက်ချက်ကြသည်။

ထန်းပင်တွေ မြိုင်ထနေသည့် ခင်တန်းတစ်လျှောက်၌ ဝါးလှေကားအရှည်ကြီးကို အောက်ခြေမှကိုင်ကာ တစ်ပင်မှ တစ်ပင်သို့ နေရာရွှေ့နေသည့် မြင်ကွင်းမျိုးကို ထိုနယ်၌ တွေ့ရတတ်သည်။ ထန်းတက်သမားတို့၏ လက်၌ အလွန်အသွားထက်သည့် ဓားတစ်ချောင်းပါသည်။

“နွေဦးကာလ မြူထသောခါ
ရင်းထောင်ရင်းဆွဲ ဆောင်မြဲအိုး လွယ်ကာ၊
ဓားနီးထက်စွာ ခါးမှာချပ်လျက်
ထန်းပွင့်ထန်းခိုင် ရှုန်းမြိုင်မြိုင်၊
ကလိုင်သာ လွယ်လို့ တက်သည်နှင့်လေး”

ဆိုသည့် ဝန်ကြီးပဒေသရာဇာ၏ တျာချင်းအဖွဲ့အနွဲ့က သည်မြင်ကွင်းမျိုးကို အခြေခံခဲ့သည်ပဲ ထင်ပါသည်။ ထန်းနို့ကို ထုခြေပြီးနောက် ထိပ်ဖျားကို ဓားဖြင့် လှီးဖြတ်ပေးရသည်။ နေ့စဉ် လှီးဖြတ်ပေးတော့ ထန်းနို့မှ ထန်းရည်များ လိုက်လာသည်။ တစ်စက်ချင်းကျလာသည့် ထန်းရည်ကို မြူအိုး၊ သို့မဟုတ် ဝါးကျည်တောက်ဖြင့် ခံရသည်။ မနက်ခင်းချိန်၌ ရသည့် ထန်းရည်က ထန်းရည်ချိုဖြစ်ပြီး မွန်းတိမ်းချိန်ရောက်သော် အခါးရည် ဖြစ်သွားသည်။ အပင်ပေါ်မှချပြီးခါစ အမြှုပ်ကလေးများ မြောက်ကြွ မြောက်ကြွဖြစ်နေသည့် ထန်းရည်ကို ပုစွန်ဆိတ်ခုန် ခေါ်ကြသည်။

ထန်းပင်က တစ်ပင်လုံး အသုံးဝင်သည်။ ထန်းနို့မှ ထန်းရည်နှင့် ထန်းလျက်ကို ပေးသကဲ့သို့ ပင်စည်ကို အိမ်တိုင်၊ ရေတံလျှောက်နှင့် လှေစသည် ပြုလုပ်သုံးစွဲကြသည်။ ထန်းသားက ရေထိလေ ပို၍မာလေဆိုသည့် အမျိုး။ အရွက်ကို ယပ်တောင်၊ ဖျာ၊ တောင်း၊ ပလုံးနှင့် ဦးထုပ်များ ရက်လုပ်

mgyoe.com

mgyoe.com


ကြသလို ငါးရပ်နှင့် ထန်းရွက်ပုတီးတို့လို ရိုးရာလက်မှုပစ္စည်းအဖြစ်လည်း ထုတ်လုပ်ရောင်းချကြသည်။ အကြောအမျှင်တို့ကို ဝက်မှင်ဘီးနှင့် ကြိုးလုပ်ကြသည်။ ထို့ပြင်သာမက ထန်းခက်ထန်းလက်ကိုလည်း ပက်လက်ကုလားထိုင်လုပ်၍ အသုံးပြုကြသေးသည်။ အမေ ဆီခြင်သည့်အခါ ထန်းသီးစေ့ကိုလုပ်ထားသည့် ထန်းစေ့မှုတ်ဖြင့် ခြင်သည်ကို ငယ်စဉ်က မြင်ဖူးသည်။

## (၄)

ပုဂံဘုရားဖူးမှ ပြန်လာစဉ်က လမ်းမှာ ကားရပ်ပြီး ထန်းပလပ်ကုလားထိုင်တစ်လုံး ဝယ်ခဲ့ဖူးသည်။ ဝယ်လာသည့် ထန်းပလပ် ကုလားထိုင်လေးကို အပြင်က တမာပင်အောက်မှာပဲ ထားလိုက်သည်။ ကျောင်းကိုယ်တော်များသာမက ရောက်လာသည့် ဧည့်သည်တို့ကလည်း ထိုထန်းပလပ်ကုလားထိုင်လေးပေါ်မှာ တမြတ်တနိုး ထိုင်ချင်ကြသည်။ နွေခါဆို သူကိုယ်၌က အအေးဓာတ်ရှိသည်ကိုး။ မိုးရွာအစို နေပူအခြောက်ဘဝဖြင့် အများအကျိုး သယ်ပိုးခဲ့သည့် ကုလားထိုင်လေးက နောက်တော့ အိုမင်းလာရသည်။ နောက်တော့လောကသဘောကို မလွန်ဆန်နိုင်ဘဲ သူ့ဘဝကို အဆုံးသတ်သွားခဲ့သည်။

နောက်တစ်ကြိမ် ကျိုက်ထီးရိုးဘုရားဖူး အပြန်ခရီး၌ လမ်းဘေး၌ ချရောင်းနေသည့် ကုလားထိုင်ဈေးတန်းထဲမှ ကုလားထိုင်နှစ်လုံးကို ဝယ်လာခဲ့ပြန်သည်။ ကုလားထိုင်ကို အခြားနေရာမှ ဝယ်လျှင်ဖြစ်သော်လည်း မဝယ်ဖြစ်ခဲ့။ ဘုရားဖူးပြန်ချိန်တွေမှာပဲ ဝယ်ဖြစ်ခဲ့သည်ကတော့ တိုက်ဆိုင်လွန်းနေသလားပင် ထင်ရသည်။ ဘုရားဖူးကအပြန်မှာ ကုလားထိုင်လေးတွေ ဝယ်ခဲ့ဦးမှပဲဟုလည်း မရည်ရွယ်ခဲ့ရိုးအမှန်။ ကျိုက်ထီးရိုးပြန်အဖြစ် ဝယ်လာသည့်ကုလားထိုင်က ဝါးကုလားထိုင်။ ထိုဒေသက ဝါးပေါသည့်အရပ်ပေမို့ သူတို့ထုတ်လုပ်သည့် လက်မှုပစ္စည်းကလည်း ဝါးဘက်ဆိုင်ရာတို့ပဲ ဖြစ်သည်။ ဝါးကုလားထိုင်လေး ရောက်လာတော့ မရှိတော့သည့် ထန်းပလပ်ကုလားထိုင်လေး၏ တာဝန်ကို သူက ဝင်ထမ်းသည်။ တမာပင်လေးအောက်မှာချထားသည့် ကုလားထိုင်လေးကို ရောက်လာသူတို့က သဘောကျဟန်ပြကြသည်။ တစ်ခါတစ်ခါ ကိုရင်ပေါက်စတွေ ကုလားထိုင်ထဲ ဝင်ထိုင်လိုက်လျှင် လူက ကုလားထိုင်ထဲမှာ မြုပ်နေသည်။ မြင်ရသည်က အူယားချင်စရာ။

mgyoe.com

mgyoe.com

(၅)

ခုတော့ ဝါးကုလားထိုင်လေးလည်း ဖရိုဖရဲ ပြိုကွဲပျက်စီးရရှာပြီ။ အခင်းကြမ်းတွေမရှိတော့သည့် ဝါးကုလားထိုင်လေးကို မြင်ရသည်က အသားမပါသည့် အရိုးစု ကမ္ဘာ့ဗိသုကာ်းရုပ်ကြီးကို ကြည့်နေရသည့်အလား။ စိတ်မသက်မသာဖွယ်ရာ။ မနေ့ကတော့ ထိုအရိုးစုလေးကို ဖြိုဖျက်ပြီး မီးဖိုချောင်ထဲ ပို့လိုက်ကြဖို့ ပြောရသည်။ ကိုရင်တွေက သူတို့ ကုလားထိုင်အပျက်လေးကို သိပ်ဖျက်ချင်ဟန်မတူ။ တရင်းတနှီး အနေကြာလာပြီဆိုတော့ မိတ်ဆွေတစ်ယောက်လို သဘောထားကြသည်လား မဆိုနိုင်။

ဟိုတလောက ရေဦးရွှေဘိုဘက်က ပြန်လာတော့ လမ်းဘေးမှာ ဈေးခင်းထားသည့် ထန်းပလပ်ကုလားထိုင်များကို တွေ့ခဲ့သည်။ မနက်ဖြန် ထိုခရီးကို တစ်ခေါက်ထပ်သွားရဖို့ရှိသည်။ အပြန်မှာ ထန်းပလပ်ကုလားထိုင်လေး နှစ်လုံးလောက်တော့ ဝယ်ခဲ့ရဦးမည်။ အညာဘက်မှာတော့ နွေရောက်ပြီဆို ထန်းခက်လက် (ထဂလက်) တွေကို မိုးပြီး နွေ၏အပူကို အန်တုချင်ကြသည်။ ကိုယ်တို့ကတော့ ရောက်လာတော့မည့် နွေဦးကို ထန်းပလပ်ကုလားထိုင်လေးတွေခင်းပြီး ကြိုမည် စိတ်ကူးသည်။ ကုလားထိုင်လေးများရောက်လာချိန်၌ သူသူငါငါ အညောင်းပြေထိုင်ကြဖို့ တမာပင်အောက်က ကွက်လပ်နေရာမှာပဲ ချထားပေးလိုက်မည်။ အပူရှိန်ကျသည့် ညနေခင်းချိန်မျိုး၌ ဧည့်သည်တွေလည်း ထိုင်ကြမည်။ ကိုရင်လေးတွေလည်း ထိုင်ကြမည်။ လေတစ်ချက်အဝှေ့၌ ကုလားထိုင်ပေါ် ဖွဲဖွဲဝဲဝဲ ကြွေဆင်းလာမည့် တမာရွက်ခြောက်လေးများကိုလည်း မြင်ရကောင်း မြင်ရနိုင်ပါသည်။

Weekly Eleven

25-2-2019

အချက်အလက် – မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၅)၊ အပိုင်း (ခ)။

□

mgyoe.com

mgyoe.com

# [၅]
# အရင်းအမြစ် ကိစ္စ

## (၁)

"အရင်းစစ်တော့ အမြစ်မြေက" ဟု ဆိုရိုးရှိသည်။ အရင်းနှင့် အမြစ်က သဘောထားချင်းလည်း နီးစပ်သည့် ဝေါဟာရနှစ်ခု ဖြစ်သည်။ ထိုစကား၏ ဆိုလိုရင်းကို တောင်သူလယ်သမားတို့က ပို၍သဘောပေါက်ကြမည် ထင်သည်။ ကိုယ်က တောင်သူလယ်သမား သားသမီးမို့ ထိုအတွေးဝင်မိသည် လားဖြင့် မဆိုနိုင်။ သူတို့ဘဝက အသီးအနှံဖြစ်ထွန်းအောင် ထွန်ယက်စိုက်ပျိုး ခြင်းဖြင့် တစ်နေကုန်ကြရသူများ ဖြစ်သည်။ တစ်နေ့တစ်နေ့ သူတို့ ယာခင်း ထဲမှ ကောက်ပဲသီးနှံတို့ကို အရိပ်တကြည့်ကြည့် ကြည့်နေရသူများ ဖြစ်သည်။ ဒီမြေနဲ့ဒီမိုး အချိုးမှ ပြေပါ့မလား စိတ်တထင့်ထင့်ဖြင့် တောင်ယာလုပ်ငန်းခွင် သိမ်းချိန်ရောက်မှ 'ဟင်း' ချနိုင်သူများ ဖြစ်သည်။

"မိုးက လိုက်မလာတော့ မြေပဲပင်ပေါက်လေးတွေလည်း ညှိုးကုန် ပဟော့။ မနေ့က သုံးလေးပင် ဆွဲနုတ်ကြည့်တော့ အမြစ်က မစွဲတော့ဘူး၊ လက်ထဲ အသာလေး ကျွတ်ပါလာတယ်။ ဒီမိုးနဲ့တော့ မဟုတ်သေးဘူး ထင်တယ်" ဆိုသည့် စကားမျိုးကို ငယ်စဉ်က ရံခါ ကြားရတတ်သည်။ ကိုယ်စိုက်သည့် ကောက်ပဲသီးနှံလေး အဆင်ပြေပြေ ဖြစ်မှဖြစ်ပါ့မလား၊ ဒီမိုးနဲ့ ဒီအပင် အဆင်မှ ချောပါ့မလား၊ ဗျာများစိတ်ဖြင့် အမြစ်ကိုနုတ်ပြီး အပင်၏ရှေ့ရေးကို တွေးတောပူပန်သူတို့က တောင်သူလယ်သမားတို့ ဖြစ် သည်။ သူတို့၏ ဒုတိယ အမည်နာမက 'ကျောမွဲလူတန်းစား' တဲ့။ တစ်နေ့

mgyoe.com

mgyoe.com


ကုန်တစ်နေခန်း လယ်ထဲယာထဲမှာ နေပူမရှောင် မိုးရွာမရှောင် ကျောပြောင် ပြောင်ဖြင့် လုပ်ငန်းခွင်ဝင်နေကြရသည့် အမျိုးဆိုတော့ မျက်ခွက်မျက်နှာ မပြောနှင့်၊ နောက်ကျောတောင်မှ တောက်တောက်ပြောင်ပြောင် မရှိရှာ။ သူတို့ဘဝက သူတို့ချစ်သော မြေကြီးနှင့် တစ်ရောင်တည်း။

## (၂)

ကိုယ်တို့အရပ်က ရေဝေးမိုးဝေးဒေသ ဖြစ်သည်။ ဆည်ရေမြောင်းရေ မရှိ။ မြစ်ရေတင်စီမံကိန်း မရှိ။ မြစ်က လူနှင့်အဝေးကြီး။ တောင့်ဟိုဘက်မှာ ကျောက်ချပြီးနေသည်။ သည်တော့ တောင်သူတွေက နေ့ရှိသရွေ့ မိုးကို မျှော်ကြရသည်။ မိုးသံလေသံများ ပေးပြီဆို လူမပြောနှင့် နွားတွေတောင်မှ အူမြူးကြသည်။ ခုန်လား ပေါက်လား လုပ်ကြသည်။ အခုန်အပေါက်လွန်၍ နွားဖားကြိုးပြတ်သည့်နွားက ပြတ်သည်။ တစ်ကောင့်တစ်ကောင် ဦးချိုချင်း အားပြိုင်မှုကြောင့် ကိုသိန်းတန်၏ တံဖျာချက်မိသည့်အကောင်က မိသည်။

တစ်ခါတစ်ခါ မိုးက လိုမ့်ပြီး ခေါင်ချင်ခေါင်နေတတ်သည်။ တောင်ဖိ လာဘုရားပွဲဆို မိုးရွာတတ်တယ်ဆိုပြီး ဘုရားပွဲရက်ကို မျှော်သူက မျှော် သည်။ လွန်ဆွဲဖို့ ပြင်သူကပြင်သည်။ နယ်ခံဘုန်းကြီးတွေပင့်ပြီး ငါးရံ့မင်း ပရိတ်ရွတ်ဖို့ လျှောက်ရကောင်းမလား၊ အစီအစဉ်ဆွဲသူက ဆွဲသည်။ ထိုအချိန်မျိုး၌ မိုးရွာပြီဆိုလျှင်တော့ "မျှော်တုန်းမျှော်ဆဲ သူလည်းရောက်လာ၊ ငါလည်း ဝမ်းသာ" ဖြစ်ရတော့သည်။ စိတ်ထဲ မိုးကလွှဲ၍ ဘာမှမမြင်။ လွန်ကြိုးကိုလည်း လှည့်မကြည့်။ ဘုန်းကြီးပင့်ဖို့ကိုလည်း သတိမရနိုင်အား။

စောစောထ၊ နွားစာ စောစောကျွေး။ လူစာ သုတ်သုတ်စား၊ ဖျင်လုံချည် ဝတ်၊ ဝါးခမောက်ဆောင်း၊ လှည်းဦး စောင်ရန်း၌ ဓားမတို ဓားမရှည်ချိတ်၊ ထွန်တုံးထယ်ဆံ လှည်းပေါ်တင်ပြီး ယာထဲတောထဲ အားခဲ၍ ထွက်ကြသည်။ မိုးရွာပြီးစ နံနက်ခင်းပေမို့ တောင်ရိုးပေါ်က ကျိုးတိုးကျဲတဲ သစ်ပင်များ ကလည်း သန့်သန့်စင်စင် ကြည်ကြည်လင်လင်။ မြင်သရွေ့က ကြည်နူးစရာ ကောင်းသလို ကြားသရွေ့ကလည်း စိတ်ရွှင်ဖွယ်အတိ ဖြစ်သည်။

ရှေ့လှည်းနောက်လှည်းအချင်းချင်း 'ဘယ်အခင်းလဲ၊ ဘာကြဲမှာလဲ'၊ စူးစမ်းသူက စူးစမ်း။ 'ဘယ်သူ ဘယ်ဝါ မတွေ့မိပါလား' မေးမြန်းသူက

mgyoe.com

mgyoe.com


မေးမြန်း။ သကြၤန်ပြီးစက အလဲအထပ် လုပ်လိုက်သည့် နွားတစ်ရှဉ်း ကိုင်ရတာ အပေါက်အလမ်းတည့်သည့်အကြောင်းပြောရင်း ကျေနပ်သူကကျေနပ်။ ရွာသောမိုးကြောင့် စိတ်စက် ကြည်လင်နေချိန်မို့ နွားဝေါက်သံသော်မှ နားဝင်ပီယံ ဖြစ်ရပြန်သည်။ 'ဟ... ဖေ့သားကြီးရ' ဆိုလျှင် နွားပြာကြီးတို့ကလည်း တစ်ကောင့်တစ်ကောင် ဘူးဘဲသံပေးရင်း ယာခင်းရှိရာ သုတ်သုတ်ရုတ်ရုတ် လှမ်းကြသည်။ ယာခင်းကိုရောက်တော့ တောင်ခြေအစပ်မှ တွန်ကျူးလိုက်သည့် 'တီတူးခါးခါး' ခါတွန်သံကြောင့် ကိုတောင်သူ့စိတ်က ပိုလို့ ရွှင်မြူးအားရ ဖြစ်ရပြန်တော့သည်။ လှည်းပေါ်မှ ထွန်တုံးကို ဆွဲချလိုက်ဟန်က စစ်မြေပြင်ထွက်တော့မည့် တိုက်ပွဲဝင် သူရဲကောင်းကြီးတစ်ဦးပမာ ထည်ဝါ ခံ့ညား ရှိပါဘိ။

## (၃)

မိုးကမရွာဘဲ ခေါင်မြဲ ခေါင်နေမည် ဆိုလျှင်တော့ သူတို့ပုံပန်းက တစ်ဘာသာ ပြောင်းသွားသည်။

"လုပ်ငန်းရယ်တဲ့ မတွင်သာ၊
နွားပြာပိန် ချီလိမ်ကော့ရယ်၊
အားပျော့လို့ဗျာ"

ဟု ညည်းညူချင်စရာ ဖြစ်တော့သည်။

မိုးရွာမည်အထင်တစ်ခွဲသားနှင့် ကြိုတင်ကာ ထွန်ရေးပြထားရသော်လည်း စိတ်စက်က မကြည်လင်၊ ထွန်ကြောင်းလည်း မဖြောင့်ချင်။ ထွန်ဖြုတ်ချိန်၌ မအိမ်သူ လာပို့သည့် မြိန်နေကျဟင်းလျာတို့သည်ပင် ထိုနေ့မျိုး၌ စားလို့ တယ်မဝင်။

"ထမင်းက ညံ့လိုက်တာ
မသေရုံ ချဉ်ပေါင်ဟင်း
တင်း မျိုရရှာ"

ဟု ညည်းလားညူလား လုပ်ချင်သည်။

ထမင်းစားပြီးချိန်မှာ ဆေးတံခေါင်းထဲမှ ဆေးချေးကို ပေါက်တူးရိုးမှာ တဒေါက်ဒေါက်ခေါက်ချ၊ ဓာတ်မီးခြစ်လေး တစ်ခြစ်ခြစ်ပြီး ဆေးတစ်ဖွာ

mgyoe.com

mgyoe.com


တစ်ရှိုက်ဖြင့် ဖိမ်ခံသည်။ သို့သော် မိုးမရွာသည့်ကိစ္စကိုပဲ စိတ်က ရောက်နေချိန်မို့ သောက်ရသည်ကပင် ဖိမ်မတွေ့လှ။ မြက်မပေါက်သည့် ကန်သင်းရိုးကိုကြည့်ပြီး စိတ်ထဲမှာ တစ်ခုခု လိုနေသယောင်။ အချိန်တန်တော့လည်း ထနောင်းပင်ရိပ်ကနွားကို ခြေကန်နိုး၊ ခမောက်စုတ် ခေါင်းဆောင်းပြီး အခင်းထဲ ရောက်ရပြန်သည်။ ကျောပိန်ပိန်လူသားခမျာ စိတ်ကပါ ပိန်နေချိန်မို့ တွေးမိသည့်အတွေးကလည်း ဆူဆူဖြိုးဖြိုး မရှိလှ။

"ထွာနံငယ် ခမောက်စုတ်နဲ့
လူလုပ်ကယ်တဲ့ ညံ့လိုက်တာ၊
ဆိုးတဲ့ကံဟာ"

ဟု စိတ်ထဲက ကျိတ်အော်သည်။ နွားပြာကြီးကလည်း ခုတော့ 'ဖေ့သားကြီး' မဟုတ်တော့။ "တယ်... ဒီနွား" ဖြစ်သွားရသည်။

ခြောက်သယောင်းနေသည့် မြေကြီးက သူတို့အတွက် အားဆေးမဖြစ်ခဲ့။ မိုးမရွာသည့် မြေအကွဲကို ခနွဲဖြင့် ရေတင်ဖို့ကလည်း သူတို့အရပ်မှာ တောထဲမပြောနှင့်၊ ရွာထဲမှာတောင်မှ ရေတွင်းက နှစ်တွင်းပဲ ရှိသည်။ သည်တော့ ရွာနိုးရွာနိုး မျှော်ကိုးစိတ်ဖြင့်သာ ကောင်းကင်ကို မော့ကြည့်ရင်း ထိုတစ်နေ့ခင်းကို ထွန်ဖြုတ်ခဲ့ရသည်။

"ကောက်တီနဲ့ မယ်စော
ရောနှောလို့ ပျိုးထောင်
မိုးလေကခေါင်"

ဆိုတဲ့ စာချိုးက ငါတို့ကိုများ စောင်းမြောင်း စပ်ဆိုခဲ့လေရော့သလား၊ အားငယ်စိတ်က ဝင်ချင်ချင်။ သူများတွေ မင်္ဂလာဆောင်တော့ သူလည်း ဆောင်ခဲ့သည်။ ခုတော့ သူ့မှာလည်း အိုးနှင့်အိမ်နှင့်၊ လှည်းနှင့် နွားနှင့်။ သူများတွေ အလှူပေးတော့ သူလည်း ပေးချင်သည်။ သူလည်း လူဆိုတော့ လူလူသူသူလေးတော့ တွေးမိသည်။ သို့သော် သည်မိုး သည်မြေ သည်အခြေနှင့်တော့ ကိုယ်တိုင်က အလှူပေးဖို့ မပြောနှင့်။ သူများ အလှူတောင်မှ လိုက်စားရဖို့ လမ်းမမြင်။

ညနေချိန်ရောက်တော့ နွားစာစဉ်းနေသည့် သားကိုကြည့်ပြီး ဖခင်ဝန်တာ မကျေသေးသည့်အဖြစ်ကို တွေးကာ စိတ်မကောင်းဖြစ်ရသည်။

mgyoe.com

mgyoe.com


သားကြီးတောင် အရွယ်ရောက်ပါပေါ့လား။ သူ့ကို ရှင်ပြုပေးဖို့ ဝတ္တရား ကျန်သေးပါပေါ့လား။ အတွေးဖြင့် စိတ်လေးရပြန်သည်။ သည်အတွက် သည်နှစ် မိုးကောင်းဖို့လိုသည်။ မိုးကူမှပဲ သည်အလှူက အောင်တော့မည် ထင်သည်။

**"သည်မိုးရယ် အောင်ပါမှ**

**မယ်နဲ့မောင် အလှူပေး**

**မိုးကူပါ့လေး"။**

အတွေးက ဝင်ပြန်သည်။

## (၄)

တောသူတောင်သား ဆိုသည်က အခြေခံလူတန်းစား ဖြစ်သည်။ အထက်ကလူတွေ ကျော့ကျော့မော့မော့လေးနေနိုင်ဖို့၊ ဝဝလင်လင် ဆူဆူဖြိုးဖြိုးဖြစ်ဖို့ ပိန်ပေးလိုက်ရသည့် သူတို့ဘဝတွေက ပြားပြားချပ်ချပ်ရှိလှသည်။ ကြည့်တတ်မည်ဆိုလျှင်တော့ သူတို့ရုပ်သွင်ကို မြင်နိုင်ပါသည်။ နိုင်ငံတစ်နိုင်ငံ၌ တောနေလူတန်းစားက အများကြီး ဖြစ်သည်ဆိုလျှင် တောနေတို့တွင်လည်း တောင်သူလယ်လုပ် စားမခုတ်တွေကပဲ အများဆုံးဖြစ်မည် ထင်သည်။ ဒီဘက်ခေတ်မှာတော့ ပညာရှင်တွေသာ နိုင်ငံခြား ထွက်ကြသည် မဟုတ်။ တောသူတောင်သားတွေလည်း နိုင်ငံခြား ထွက်ကြသည်။ မိုးနှင့်လုပ်ရသည့်အလုပ်၊ မြေကိုအားထားရသည့် အလုပ်တွေက အားကိုးရခက်လေတော့ 'စေရာကျွန်' ဘဝကို မယူလိုသော်လည်း ယူကြရသည်။ မြေကိုချစ်သော်လည်း မြေကိုပစ်၍ ပြေးကြသည်။ မြေကိုရောင်း၍ ပြေးကြသည်။ အဆင်ပြေသူလည်း ရှိသည်။ မောင်ပုံစောင်းမတတ်တို့လည်း ရှိသည်။

ကိုယ်တို့အရပ်၌ တစ်ရပ်လုံး၊ တစ်ရွာလုံး၊ ငယ်ဘဝတစ်လျှောက်လုံး တောင်သူအလုပ်ဖြင့် အသက်ကို မွေးခဲ့ကြသည်။ တောင်သူက ရိုးရာအလုပ်။ သို့သော် သည်ဘက်ခေတ်မှာတော့ အရာရာက ပြောင်းလဲသွားခဲ့ပြီ။ အဖေတောင်သူ၊ သားတောင်သူ ဖြစ်ရိုးဖြစ်စဉ်က ရွေ့သွားသည်။ သားက ပရိဘောဂဘက် လှည့်သွားသည်။ သမီးက ရက်ကန်းဘက် လှည့်သွားသည်။ ဒီလိုနဲ့ အရင်းအမြစ်လူစာရင်းက တစ်စတစ်စ လျော့လျော့သွားသည်။

mgyoe.com

mgyoe.com


ဒီကြားထဲ "မြေယာအရေး တက်ကြွလှုပ်ရှားမှု၊ ထွန်တုံးတိုက်ပွဲ၊ တောင်သူသပိတ်စခန်း" စသည့် အသံများကို ကြားကြား လာရသည်။ ခုနောက်ပိုင်း ကြားရသည့်သတင်းက လယ်သမားများထံမှ ကြိုတင်ဝင်ငွေခွန် နှစ်ရာခိုင်နှုန်း ကောက်ခံမည်ဆိုသည့် သတင်း။ တောင်သူတွေအတွက်တော့ မျက်ခုံးလှုပ်ချင်စရာ။

(၅)

'ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီသို့ ပေးပို့ထားသည့် အမှုတွဲပေါင်း ၁၉၀၅ ခုရှိကြောင်း' သတင်းတစ်ပုဒ်ကို မကြာသေးမီ ရက်ပိုင်းက ဖတ်လိုက်ရသည်။ ထိုတွင် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရယူခဲ့သည့်မြေများက ပြန်တောင်းခံရမှု အများဆုံးဟု အဆိုပါသတင်းက ဆိုသည်။ အထည်ချုပ်စက်ရုံ၊ သံရည်ကျိုစက်ရုံ၊ ရေသန့်စက်ရုံ၊ လူနေအိမ်နှင့် သာသနိကမြေအတွက် လျှောက်ထားသည့် အမှုတွဲတို့လည်း ပါဝင်နေကြောင်း သိရသည်။

ယာမြေကိုဖက်၍ အသက်ကို မွေးကြရသည့်သူများကြား၌ပင် ယာအလုပ်ကို စွန့်ခွာသူတို့ တစ်စတစ်စ တိုးပွားနေသည့် ခေတ်တွင် မြေသိမ်းယာသိမ်းအမှုများနှင့် ထွန်တုံးတိုက်ပွဲကဲ့သို့သော သတင်းများကို ဆက်တိုက်ဆိုသလို ကြားနေရသည့်အဖြစ်က အားလုံးအတွက် အလားအလာကောင်း တစ်ခု မဟုတ်ပါ။ နိုင်ငံတစ်နိုင်ငံ၏ အရင်းအမြစ်နေရာ၌ တောင်သူလယ်သမားတို့ ရှိ၏ဟု ကိုယ်က ယုံကြည်သည်။ အရင်းအမြစ်လူသားတို့၏ လူသားအရင်းအမြစ်ကိစ္စကို သက်ဆိုင်ရာတို့က တရားနည်းလမ်းကျကျ ထည့်သွင်းစဉ်းစားချိန် တန်ပြီဟုသာ နှလုံးသွင်း ဆင်ခြင်မိပါသည်။

Daily Eleven

8-6-2018

အကိုးအကား – ရှေးဟောင်းလက်ာများ၊

– ဒေလီအလဲဗင်း သတင်းစာများ။

❐

mgyoe.com

mgyoe.com

# [၆]
# နှင်းမလိုက် မိုးမလိုက်

## (၁)

စားသုံးဆီတို့တွင် မိမိတို့ အရင်းနှီးဆုံးနှင့် အသုံးအများဆုံးဆီက နှမ်းနှင့် မြေပဲ ဖြစ်သည်။ ငယ်စဉ်ကတော့ အိမ်မှာ ဆီကြိတ်သည့် ဆီဆုံလည်း ရှိသည်မို့ ဆီဆိုတာ နှမ်းနှင့် မြေပဲက ဖြစ်တာပါလားဟု ကလေးဘဝ ကတည်းက နားလည်ခဲ့ရသည်။ သည့်ထက်လည်း အမြင်က မကျယ်နိုင်ခဲ့။ နောက်မှ စားအုန်းဆီတို့၊ နေကြာဆီတို့ စသည်ဖြင့် ဆီအမျိုးအစားတို့ များစွာ ရှိနေမှန်း သိလာရသည်။

သင်္ကြန်ပြီးစကာလ မိုးလေးများကျပြီဆို ထွန်ရေးထွန်ဆံ တပြင်ပြင် ဖြင့် မြေပဲစိုက်ဖို့ ပြင်ဆင်နေကြသည့် ပုံရိပ်များနှင့် တရင်းတနှီး ရှိခဲ့သည်။ ကိုယ်က တောသူတောင်သား သားသမီးကိုး။ ကိုယ်တိုင် မစိုက်ဖူး မဆွတ်ဖူး သော်လည်း မြေပဲတစ်တောင့်ရလာဖို့ ဘယ်လို ထွန်ယက်စိုက်ပျိုးရသည်၊ ဘယ်လိုနုတ်သိမ်း ခူးဆွတ်ရသည်၊ ဘယ်လို အခွံသင်ရသည်၊ ဘယ်လို ကြော်ရလှော်ရသည် ဆိုတာတွေကိုတော့ အမြင်ဖြင့် အရည်ဝနေပြီးဖြစ်သည်။ ကိုယ်တိုင်တော့ ဘာမှမလုပ်တတ်။ မတတ်ဆို ကလေးကိုး။ ကိုယ်တတ်တာ

mgyoe.com

mgyoe.com


ကတော့ အမေ လှော်ပေးသည့် မြေပဲလှော်ကို အခွံသင် စားတတ်ခဲ့ခြင်းလောက်မျှသာ။ သို့သော်၊ ယမန်နှစ်က အကုန်မကောက်နိုင်၍ မြေကြီးထဲကျန်နေသည့် မြေပဲတောင့်တို့ မိုးဦးကျမှာ အပင်ထပေါက်ပြီဆိုလျှင် ရွယ်တူကလေးတွေနှင့်အတူ တောထဲ မြေပဲညှောက် လိုက်ဖော်ကြတာမျိုးလောက်တော့ လုပ်ဖူးသည်။ ထိုမြေပဲညှောက်ကို ဆီချက်နိုင်နိုင်ဖြင့် သုပ်လိုက်တော့ မြေပဲညှောက်သုပ်ဟု ဖြစ်သည်။

## (၂)

ဟိုတစ်လောက ရွာသာယာမှ ဆွေမျိုးသားချင်းတစ်ဦးနှင့် စကားလက်ဆုံကျမိကာမှ "ဆောင်းမြေပဲ" ဆိုသည့် ဝေါဟာရကို ကြားဖူးခဲ့ခြင်းဖြစ်သည်။ "ကျုပ်ဖြင့် ဆောင်းမြေပဲဆိုတာကို ခုမှပဲ ကြားဖူးတော့တယ်" ဆိုတော့ သူက "ကိုယ်တော်တို့ရွာလည်း လုပ်ကြတာပါပဲ" ဟု ဆိုသည်။ "အေးလေ၊ လုပ်ကြမှာပေါ့၊ ကျုပ်က ရွာပြန်လည်း အခင်းထဲ ဘာလုပ်နေကြမှန်း သိတာမှ မဟုတ်တာ" ဆိုတော့ သူက ပြုံးသည်။ ကိုယ့်ဒေသထွက်သီးနှံများဖြစ်သည့် နှမ်းနှင့်မြေပဲအကြောင်း ကိုယ်သိချင်တာလေးတွေ ဟိုမေးသည်မေး လုပ်မိသည်။

"နှမ်းနဲ့မြေပဲ ဘယ်ဒင်းက ပိုယုယသလဲဆို နှမ်းက ပိုယုယရတာပေါ့။ သူက အသီးကွဲရင် မြေကြီးထဲ ဝင်ကုန်တော့တာ။ ဝင်သွားရင် ဆုံးရောလေ။ မြေပဲက ကောက်လို့ရသေးတယ်။ ဆွတ်တဲ့နေရာမှာတော့ မြေပဲက မိုးစောင့်ရသေးတာပေါ့။ မိုးဓာတ်မရှိဘဲ သွားနုတ်ရင် အမြစ်ကခိုင်ပြီး အတောင့်တွေက မြေကြီးထဲ ကျန်ရစ်ရော။ မြေပဲက မျိုးရယ်လို့တော့ သီးသန့် မဝယ်ရပါဘူး။ မျိုးအတွက် ကိုယ့်ဘာသာ ချန်ထားရတာပေါ့။ မျိုးထားမယ့်ဟာလေးကို သန့်သန့်ထားရတယ်"

ကိုယ်က ကိုယ်သိချင်သော ဆောင်းမြေပဲအကြောင်းမေးတော့ "အဲဒါက ဒီ ၈ လပိုင်းထဲ စိုက်တာ၊ နှင်းနဲ့ စိုက်တာ"ဟု ဆိုသည်။ ၈ လပိုင်းဆိုသည်က တန်ဆောင်မုန်းလကို ဆိုလိုရင်း ဖြစ်သည်။ "ဆောင်းမြေပဲက တပို့တွဲလောက်ဆို ဖော်တာပဲ။ အရင်ကတော့ ဆောင်းတွင်း မစိုက်ကြပါဘူး။ မိုးတွင်းပဲ စိုက်ကြတာ။ ဝါးချက်တို့လို မြစ်ကမ်းဘေးက အရပ်တွေမှာ

mgyoe.com

mgyoe.com


ဆောင်းတွင်းဆို မြေပဲစိုက်ကြတာ တွေ့မှာပေါ့။ သောင်ပေါ်ချိန်လေ။ အရင်က သောင်ထွန်းတဲ့အရပ်တွေမှာပဲ စိုက်ကြတာ။ အခုကျတော့ ဒီဘက်ကုန်းမြေတွေမှာလည်း စိုက်လာကြပြီ။ တချို့ကျ မိုးဦးတောင် မစိုက်ကြတော့ဘူး။ ဆောင်းပဲကိုပဲ အားပြုပြီး စိုက်ကြတာ။ နွေစပါးတို့ဆိုပြီး စိုက်ကြသလိုပေါ့။ ဆောင်းပဲက နှင်းကောင်းရင် အတော်ထွက်တယ်။ အတောင့်ကလည်း ပိုချိုတယ်" ဟု ဆိုသည်။

မိုးပဲနဲ့ ဆောင်းပဲ ဘယ်ဟာက အထွက်ပိုသလဲ ဆိုတာကိုလည်း ကိုယ်က သိလိုက်ချင်သေးသည်။ "မိုးဦးလည်း အဆင်ပြေ ပြေသလိုပေါ့ ဘုရား။ မိုးကောင်း ကောင်းသလိုပေါ့။ ဒီနှစ်တော့ မဆိုးကြဘူးပြောတာပဲ။ ဒါပေမဲ့ ဈေးက သိပ်မရှိပါဘူး။ မြေပဲအတောင့်တစ်တောင်းမှ တစ်သောင်းလောက်ရှိတာ။ မကိုက်ဘူး။ ကူလီခနဲ့ ကိုယ်လုပ်အားနဲ့ နုတ်လိုက်တော့ ကိုယ်တွက် သိပ်မကျန်ဘူး။ ဒီနှစ်က ပိုဆိုးတာပေါ့။ ထွန်စက်ခ ပေးရတာက တစ်မျိုး၊ ကူလီခ ပေးရတာက တစ်မျိုး။ ကိုယ်တိုင်က ထွန်ရေးမနိုင်တော့ စက်ထည်ခေါ်မောင်းရတာပေါ့။ တစ်ဧကကို မောင်းခက တစ်သောင်းခွဲ။ တပည့်တော်တို့ဆို ဧကများတော့ စက်ထွန်မောင်းခကိုက နှစ်သိန်းကျော်တယ်။ ကိုယ့်ဘာကိုယ်မှ မထွန်နိုင်တာကို" ဟု ခြုသံပေးပြသည်။

"ဦးဇင်းတို့ရွာက သောင်းမြင့်တို့က လယ်ထွန်စက်ထောင်တားတာ။ နှစ်စင်းလားပဲ ရှိတယ်။ သူများစက်နဲ့ ငှားထွန်ရတာဆိုတော့ ကိုယ့်ဘက်က မကိုက်ဘူး။ ထွန်စက်ထောင်တဲ့လူကတောင် ကိုက်သေး (ပြောရင်းရယ်သည်) သူတို့က အမြဲလိုက်နေရတာ။ သူက သေချာတယ်။ သူတို့က ဒီတင်မကဘူး။ တောင်ရင်း, ပဒူဘက်အထိ လိုက်မောင်းရတာ။ အဲဒီဘက်မှာကျ ဧက သုံး လေးဆယ်သမားတွေလေ။ အဲဒီမှာက ကန်သင်းရယ်လို့ မရှိဘူး။ မောင်းလို့ကောင်းတယ်။ ဧကကျယ်လေ မောင်းကောင်းလေ။ ခရီးပါတာပေါ့"

## (၃)

မြေပဲအကြောင်းကြားရတာ ဟန်မရလေတော့ တခြားသီးနှံများဘက်ကို လှည့်မေးဖြစ်သည်။ "ဂျုံ ကုလားပဲလား၊ သူက ခုရက်ဆို စိုက်ပြီးကုန်ပြီ၊

mgyoe.com

mgyoe.com


ကုလားပဲဈေးက ဒီနှစ်ဈေးကောင်းတယ်။ ဂျုံက ဈေးမရှိဘူး။ နိုင်ငံခြားက ဂျုံမှုန့်ကို ဝယ်သုံးတော့ ဒီဘက်ကဂျုံက ဈေးမရှိဘူး။ တပည့်တော်တို့ဆီမှာ ဂျုံမြေ မရှိဘူး။ ကုန်းပိုင်းတွေဆိုတော့ ဂျုံက လုပ်မရဘူး။ ဦးဇင်းတို့ ရွာအနောက်ဘက်မှာ ဂျုံမြေတွေရှိတယ်။ အဲဒါကို တနယ်မြေခေါ်တာ။ မြေညို မြေနက်တွေ။ မြေက ကျစ်ကျစ်ခဲခဲကြီးတွေ။ အဲဒီမြေက နှမ်းလည်း လုပ်တယ်။ နောက်ပိုင်း ဂျုံဖြစ်ဖြစ်၊ ကုလားပဲဖြစ်ဖြစ် ပြန်လုပ်တယ်။ နှစ်သီး စားပေါ့"

"ပြောင်းကတော့၊ နွားစာပြောင်းပဲ လုပ်ကြတော့တယ်လေ။ နှံစား ပြောင်းတို့ ဘာတို့ဆိုတာ ဒီဘက်မှာမရှိဘူး၊ မလုပ်ကြဘူး။ ခုခေတ်မှာ တောကလူတွေကလည်း ဆန်တောင်မှ ကြမ်းရင် စားချင်ကြတာမဟုတ်ဘူး။ ကိုယ်တော်လည်း အသိသားနဲ့။ အဲတော့ ဆန်ပြောင်းဆိုတာလည်း ဒီဘက် မှာ မရှိတော့ဘူး။ ပဲစင်းငုံလား။ ဒီနှစ်မှ ဈေးတွေ အကုန် ပြုတ်ကျကုန်တာ။ ဘာလို့လဲဆိုတာတော့ တပည့်တော်လည်း မလျှောက်တတ်ဘူး။ ပဲစင်းငုံဆို နဂိုတုန်းက သုံးတင်းတစ်အိတ်ကို နှစ်သိန်းသုံးသောင်းတောင် ရှိတယ်။ ဟိုတစ်နေ့က ကလေးတွေ ရောင်းလာတာ။ တစ်သိန်းတဲ့။ ထိုးကို ကျသွား တာ"

"ခရမ်းချဉ်ဆိုတာကလည်း ကိုယ်က စားချင်ပြီဆိုရင်သာ ဈေးကြီး ပေးဝယ်ကြရတာ။ ကိုယ့်အခင်းကထွက်လို့ ရောင်းမယ်ဆို ဈေးကကျပြီ။ ခုတော့ ခရမ်းချဉ်လည်း သိပ်မလုပ်ကြတော့ဘူး။ ထောပတ်ပဲလည်း သိပ် မလုပ်ကြတော့ဘူး။ ခဝဲသီးတို့၊ ချဉ်ပေါင်တို့ ဆိုတာကလည်း အိမ်စား လောက်ပဲ လုပ်ကြတော့တယ်။ အခုဟာက နှမ်းရယ်၊ မြေပဲရယ်၊ ပဲစင်းငုံရယ်။ ဒီလောက်ပဲ မဲတင်းပြီး လုပ်ကြတော့တယ်။ အရင်တုန်းကတော့ ဝါ လုပ်ကြ သေးတယ်။ ခု မလုပ်ကြတော့ဘူး။ ဝါက ကောက်မယ့်သူမှ မရှိတော့တာ"

"ပဲစင်းငုံက မိုးဦး တန်ခူးလောက်ကတည်းက စိုက်တာ။ သူက အသက်ကြီးတယ်လေ။ ခုတ်တော့လည်း နောက်ဆုံးမှ ခုတ်တာ။ တပို့တွဲ လောက်ရောက်မှ။ ပဲစင်းငုံက ကိုယ်စားရတာမှ မဟုတ်တာ။ နိုင်ငံခြားက မှာလို့ လုပ်ကြတာ။ ဟိုက မမှာရင် ဒီဘက်က ရှုံးရော။ မနှစ်က ခုနှစ်သောင်း ရှစ်သောင်းတောင် မရောင်းသေးဘဲ ပဲစင်းငုံ လှောင်ထားတဲ့သူတွေ တကယ်

mgyoe.com

mgyoe.com


ရောင်းလိုက်ရတော့ သုံးသောင်းတဲ့၊ ရှုံးတာများဆို ခွက်ခွက်ကိုလန်ရော။ တပည့်တော်လည်း ပွဲရုံကို ပို့ထားတော့ ရှုံးတဲ့အထဲ ပါသွားလိုက်သေး။ သူက ပေါက်ဈေးအတိုင်း ဈေးသတ်ပေးတာကိုး"။

(၄)

"ဒီနှစ်တော့ နှမ်းကြဲကြယ်ကလည်း နောက်ကျတာဆိုတော့ နှမ်းအစိုက်ကလည်း နောက်ကျတယ်။ စောစောကြဲလို့လည်း မရဘူး။ အခါတိုင်း ဝါခေါင်လပြည့်ကျော် (၈) ရက် ကြယ်တည့်တာ။ ဒီနှစ်က တော်သလင်းလဆန်းကျမှ တည့်တယ်။ ကြယ်က နှမ်းကြဲကြယ်ရယ် ဂျုံကြဲကြယ်ရယ်ဆိုပြီး ရှိတယ်။ မိုးပေါ်ကို မော့ကြည့်တာတော့ မဟုတ်ပါဘူး ကိုယ်တော်။ သင်္ကြန်စာထဲ ပါတဲ့အတိုင်းပဲ မှတ်ရတာပေါ့။ ဒါပေမဲ့ မိုးအခြေအနေအရ လုပ်ကြရတာပါပဲ။ စောစောစိုက်လို့လည်း မရဘူး။ စောစောစိုက်ရင် နှမ်းက အဖိုတွေပဲများတာ။ လေသီးတွေပေါ့။ အသီး မအောင်ဘူး"။ "ခုခေတ်မှာ ကူလီကသိပ်ကိုရှားသွားပြီ။ အခင်းမရှိကြတဲ့သူတွေကလည်း ပန်းရန်ပဲ လိုက်ကြတော့တာ။ မိန်းကလေးတွေကလည်း ရက်ကန်းသမားတွေဆိုတော့ ကူလီကမရှိတော့ဘူး။ ပန်းရန်က သံလက်ကိုင်ဆို ရှစ်ထောင်၊ ကိုးထောင်ဆိုတော့ အဲဒီဘက်ကို ယိမ်းသွားရော။ ကောင်လေးတွေက ပရိဘောဂနဲ့ ပန်းရုံ၊ ကောင်မလေးတွေက ရက်ကန်းနဲ့ ပန်းရန်နောက်လိုက်။ တောင်သူဘက် သိပ်မလှည့်ကြတော့ဘူး။ လက်ခက နည်းတော့ ပိုဆိုးတာပေါ့"

"ပေါင်းသင်လိုက်က လေးထောင်။ မြေပဲဆွတ်ခက တစ်တောင်းရရင်သူ့ကို နှစ်ပြည်ပေး။ သုံးပြည်ပေး။ ဒီနှစ်တော့ တစ်တောင်းဆွတ်နိုင်ရင်သူ့ကို ထောင့်ငါးရာပေးရတာဆိုတော့ အခင်းရှင်ဘက်ကလည်း မကိုက်ဘူး။ နုတ်တော့ ဒီမြေပဲတောင့်တွေက တချို့လည်း နေရစ်တာပဲ။ မိုးရွာပြီးစ မြေစိုတုန်း နုတ်ရတာ။ မြေခြောက်သွားရင်တော့ ကျပ်သွားပြီ။ မိုးမလိုက်ဘူးဆိုရင်တော့ မြေက တင်းသွားပြီ။ နှင်းလိုက်ရင် နှင်းနဲ့ နုတ်ကြတာပဲ။ ဒီနှစ်မိုးဦးကလည်း ကောင်းလွန်းတာ။ စောစောတုန်းကဆို လန့်များတောင် လန့်တယ်။ ခုနောက်ပိုင်းကျတော့ မရွာပြန်ဘူး။ မရွာတော့ ခံရပြန်ရော။ ခုဟာက နှင်းလည်းမလိုက် မိုးလည်းမလိုက်နဲ့ဆိုတော့ သေရော"

mgyoe.com

mgyoe.com


## (၅)

"နှမ်းနက်ပေါ်တာ ဘယ်လောက်ကြာပြီလဲဆို သုံးနှစ်လောက်ပဲ ရှိသေးတာ။ အရင်ကတော့ နှမ်းနီ။ နောက်ပြီး ချိုးလည်ပြောက်ဆိုတာလည်း ရှိသေးတယ်။ သူက သက်ငယ်နှမ်း။ အခုဟာက နှမ်းဖြူနဲ့ နှမ်းနက်။ ဒီနှစ် နှမ်းကလည်း ဈေးမရှိဘူး။ စပေါ်တုန်းကတော့ ကောင်းပါတယ်။ ခု ဈေးမကောင်းဘူး။ ဒီနှစ်ကျမှ ဈေးတွေ အကုန်ပြုတ်ကျတာ။ ဘာမှကို လုပ်မရဘူး။ နှမ်းနက်က ကြိတ်ရင် ဆီကလည်း အနက်ပဲ။ ဘယ်နေရာမှာ သုံးလဲတော့ မသိပါဘူး။ နှမ်းနဲ့ ပဲစင်းငုံမှာ နှမ်းကမှ ဆီကြိတ်ရသေး။ ပဲစင်းငုံက ကိုယ်လည်း စားမရ။ ဈေးသာ တန့်နေလို့ကတော့ သွားပြီ"

"မနှစ်တုန်းကတော့ မြေအရောင်းအဝယ်လေးတွေနဲ့ဆိုတော့ လှုုရေးတန်းရေးလည်း ပေါတာပေါ့။ တောမြေတင် မကဘူး။ ကုန်းမြေတောင် ရောင်းနေကြတာ။ ဘယ်သူတွေက ဝယ်လဲဆိုတော့ မြေကုပ်တဲ့လူတွေက ဝယ်တာ။ သူတို့က မန္တလေးဘက်လည်း မြေဝယ်၊ ဒီကမြေကိုလည်း ဝယ်။ ဒီကမြေကို ကုတ်ဖွဲ့ပြီး အဲဒီဘက်သယ်။ အဲဒီကို မြေဖို့၊ အဲဒီမြေလေး 'သ' ပြီး ပြန်ရောင်း။ ဒီလိုပဲ လုပ်နေကြတာ။ ခုတော့ ဝယ်လက်တွေလည်း မှေးသွားပါပြီ၊ တံတားကလည်း သူတို့ကို အကူးမခံတော့ဘူးဆိုတော့ အဲဒီမှာတင် တန့်သွားတာ"

"ဒီကရွှေ့ တောင်သူလုပ်လို့ မကိုက်တော့ပါဘူး ကိုယ်တော်၊ ကူလီခနဲ့ ထွန်စက်ခနဲ့ဆိုတော့ ကိုယ့်တွက်က ဘာမှမကျန်တော့ဘူး" ဟု ဆိုသည်။ "တောင်သူလုပ်ရတာ မကိုက်တော့ ဘာလုပ်မယ် စိတ်ကူးလို့လဲ" မေးမိတော့ "ကိုယ်မှ တခြားဟာ မလုပ်တတ်တာ၊ ဒါပဲ လုပ်ရမှာပေါ့လေ" တဲ့။

Weekly Eleven

11-12-2017

❒

mgyoe.com

mgyoe.com

# [၇]
# မတ္တရာအစိမ်း

## (၁)

ဘဝ၌ အစိမ်းနှင့် ပတ်သက်ပြီး အဦးဆုံး မှတ်မှတ်ရရ ဖြစ်ရသည်က ဒေါ်ချစ်တုတ် သရက်ခြံ ဖြစ်သည်။ ကလေးဘဝတုန်းကတော့ ရွာအပြင် ရောက်ဖူးသည်ဆိုလျှင်ပဲ အမေရိကတိုက်ကို တွေ့လိုက်ရသည့် ကိုလံဘတ် နီးနီး ကိုယ့်ကိုယ်ကိုယ် စိတ်အထင်မြောက်ခဲ့ဖူးသည်။ ဒေါ်ချစ်တုတ်သရက်ခြံ က ရွာမြောက်ဘက်မှာ ရှိသည်။

ကိုယ့်ရွာအပြင်ဘက်မှာ သည်လောက် စိမ်းညို့အုံ့မှိုင်းနေသည့် သရက် ခြံကြီးရှိနေမှန်း ယခင်က မသိခဲ့။ တစ်နေ့ အမေနှင့် တောကို ပထမဦးဆုံး ထမင်းပို့လိုက်သွားသည့် အခေါက်မှာမှ ထိုသရက်ခြံကြီးကို တွေ့လိုက်ရခြင်း ဖြစ်သည်။ နည်းတဲ့ သရက်ပင်တွေမဟုတ်။ အပင်တွေအောက်မှာ နေပြောက် ထိုးဖို့မှ နေရာကျန်သေးရဲ့လား မသိ။ အမေ့လက်ကို တစ်ဖက်ကဆွဲရင်း အစိမ်းအုပ်အုပ်ကြီးကို တအံ့တသြ ငေးမောခဲ့စဉ်က ကိုယ့်အသက် သုံးလေး နှစ်လောက်ပဲ ရှိဦးမည်ထင်သည်။

နောက်တော့ အစိမ်းတွေကို တရင်းတနှီး ရှိလာရသည်။ ကျောင်းနေ

mgyoe.com

mgyoe.com


သည့် အရှယ်ရောက်တော့ နီပြာဝါစိမ်း သင်္ကေတများဖြင့် ဆရာကြီးက အသင်းလေးသင်း ဖွဲ့ပေးသည်။ ရာဇဝင်၌ ထင်ရှားခဲ့သော သူရဲကောင်းကြီးများကို ကိုယ်စားပြုအရောင်များနှင့် ခွဲခြားထားသည်။ အလောင်းဘုရားက အနီရောင်။ ဗန္ဓုလက အပြာရောင်။ ကျန်စစ်သားက အဝါရောင်။ ဘုရင့်နောင်က အစိမ်းရောင်တဲ့။ အသင်းခေါင်းဆောင် လုပ်ခဲ့စဉ်က ကျန်စစ်သားလည်း ဖြစ်ဖူးသည်။ ဗန္ဓုလလည်း ဖြစ်ဖူးသည်။ ဘုရင့်နောင်တော့ မဖြစ်ဖူးခဲ့။ ဘုရင့်နောင် မဖြစ်ဖူးသော်လည်း ကိုယ်က အစိမ်းကို စွဲစွဲလမ်းလမ်း ရှိခဲ့သူ တစ်ယောက်။

## (၂)

ရွာထိပ်မှာ စစ်ကိုင်းတောင်တန်းကြီး ရှိသည်။ ရွာနှင့် တောင်တန်းက နီးလွန်းသောကြောင့်ပဲလား မဆိုနိုင်။ တောင်တန်းကြီးက ပြာလည်း မပြာသလို စိမ်းလည်းစိမ်းသည် မထင်ခဲ့။ အထူးသဖြင့် နွေဆို ဝါခြောက်ခြောက် အသွင်ဖြင့် သူ့ကိုကြည့်ပြီး ပို၍သာ ပူခဲ့ရသည်။ ဆင်းရဲတွင်းက ထင်သလောက် မတိမ်တော့ ရွာသားတွေက ရွာထိပ်မှတောင်ကို မျက်စိကျကြသည်။ အချို့က တောင်ပေါ်တက်ပြီး ထင်းခုတ်ကြသည်။ သစ်ပင်ဆိုလို့ ရွှေမြင်းမိစေတီအနီးက မန်ကျည်းပင်တွေလောက်ပဲ ကျန်တော့သည်။ မြင်နေရသည်က တောင်ကတုံး။

တောင်ခါးပန်းမှာ မြက်ခြောက်စားနေသည့် နွားတွေကို ရွာထိပ်မှ အထင်းသား လှမ်းမြင်ရလောက်အောင် တောင်တစ်ကြောက ဟာလာဟင်းလင်း ဖြစ်နေသည်။ မိုးတွင်းရောက်ပြီဆိုမှသာ ဟိုဟိုသည်သည် အပင်ပုလေးတွေက အတက်ထွက်သည်မို့ အတန်အသင့် စိမ်းလန်းသော မြင်ကွင်းကို မြင်ရတတ်သည်။ သွေ့ခြောက်မွဲညစ်ခြင်းနှင့်စာလျှင် စိုစိမ်းသော အရောင်များကသာ လူ့စိတ်ကို လန်းဆန်းစေသည် မဟုတ်ပါလား။ သည်တော့ အစိမ်းကို လူတွေ ချစ်မက်ကြတာ သိပ်တော့မဆန်းလှ။

စစ်ကိုင်းတောင်ကိုရောက်တော့ စောင်းတန်းတစ်လျှောက် စီတန်းပေါက်နေသော တရုတ်စံကားပင်တန်းကြီးကိုကြည့်ပြီး အကျေနပ်ကြီး ကျေနပ်ခဲ့ဖူးသည်။ မိုးတွင်းဆို စိမ်းညို့အုံ့ဆိုင်းနေသည့် တရုတ်စံကားပင်

mgyoe.com

mgyoe.com


အုပ်အုပ်ကြီးများကလည်း နွေရောက်တော့ အရိုးတံကျဲကျဲ ဖြစ်သွားရသည်။ သို့ပေမဲ့ နို့နှစ်ရောင် အဝါပွင့်လေးများဖြင့် လောကကို အလှဆင်နေဟန်က ချစ်စရာ။ စစ်ကိုင်း၌ အများဆုံး ပေါက်ရောက်သည့် နောက်ထပ်သစ်မျိုးစုက သန်းနှင့်ဒဟတ် ဖြစ်သည်။ သူတို့ စိမ်းသည့် အစိမ်းကလည်း အမှိုင်းဘက်ကို အလေးသာသည့် အစိမ်း။ သို့မဟုတ် အစိမ်းရင့်ရင့် အစိမ်း။ ယာခင်းပြင်ကျယ်တို့၌ ငယ်စဉ်က တွေ့ခဲ့ရသည့် မြေပဲခင်း၊ ပြောင်းခင်းအစိမ်းတို့ကလည်း အစိမ်းရင့်ရင့် အစိမ်းမျိုးသာ ဖြစ်သည်။

## (၃)

မတ္တရာဘက်ကို ပထမဆုံးအကြိမ် ရောက်ခဲ့စဉ်က လမ်းတစ်လျှောက်၌ အစိမ်းတွေကို အများကြီး မြင်ခဲ့ရသည်။ သို့သော် ထိုအစိမ်းက တစ်မူထူးခြားသည်။ ကိုယ်မြင်ခဲ့ဖူးသည့် အစိမ်းများနှင့်မတူ။ ကားလမ်းမ ပတ်ချာလည်၌ တစ်မျှော်တစ်ခေါ်ကျယ်ပြောသည့် လယ်ကွင်းပြင်များ။ မျက်လုံးထဲမှာ အစိမ်းရောင်တွေပဲ လွှမ်းမိုးနေသည်။ သို့သော် ထိုအစိမ်းက ကိုယ့်မျက်စိထဲမှာ အရမ်းကို နုဖတ်နေခဲ့သည်။ နုနုဖတ်ဖတ်အစိမ်း၊ သို့မဟုတ် စိမ်းဖန့်ဖန့်အစိမ်း။ နုသစ်စ စပါးပင်ပျိုတို့က လေအသွဲ့မှာ စိမ်းလဲ့ယိမ်းနွဲ့နေသည်။ ဘဝ၌ စွဲစွဲလမ်းလမ်းဖြစ်ရသည့် အစိမ်း နောက်တစ်မျိုးကို တွေ့ရှိရာအရပ်၊ သို့မဟုတ်၊ ကိုယ်နှင့် အလှမ်း မဝေးတဝေးကမြေ၊ သို့မဟုတ် မတ္တရာ။

မတ္တရာက မန္တလေးနှင့် မဝေးလှသော်လည်း ကိုယ်က အရောက်အပေါက်နည်းသည်။ မိုးကုတ်ကို အလည်သွားသည့်အခေါက်မှသာ မတ္တရာကို အစဆုံးအကြိမ် ဖြတ်သန်းဖူးခြင်းဖြစ်သည်။ ရာသီက မိုးဦးလေဦးမို့ ဝန်းကျင်တစ်ခုလုံးက ရွှာဟန်ငယ်ပြင် ပုံပေါက်နေသည်။ အုံ့ဆိုင်းဆိုင်းကောင်းကင်ပြင်၏ အလင်းနုရောင်ပြန်က လယ်ကွက်တို့၌ ဝပ်နေသည့် မြောင်းရေစပ်စပ်ကို ထင်သာမြင်သာ လှစ်ပြနေသည်။ ကျောဘက်ကို လည်ပြန်ငေးမိတော့ အရပ်မျက်နှာစောင့် ဆင်ကြီးများ ရေသောက်ဆင်းဖို့ နှာမောင်းပြင်သည့်နှယ် တွဲရရွဲကျနေသည့် တိမ်ဆိုင်မည်းမည်းကြီးများက မြင်ကာမျှဖြင့် ရင်ထိတ်ချင်စရာ။

မိုးက နောက်မှလိုက်နေသည်။ ကားက ရှေ့ကို ပြေးနေသည်။ မိုးနှင့်

mgyoe.com

mgyoe.com


ကား လိုက်တမ်းပြေးတမ်း ကစားနေသည့်နှယ်။ နောက်တော့ မာန်ဟုန်ပြင်းသည့် ကိုတောင်လေက မိုးမသက်မိ တိမ်တွေကို မောင်းထုတ်လိုက်သည်။ မြောက်စူးစူးကို သုတ်သုတ်ရုတ်ရုတ် ပြေးနေသည့် မိုးတိမ်မည်းမည်းတို့က ခုတော့လည်း ဘယ်သူ့ကိုမှ အခြိမ်းအခြောက် မပြုခဲ့လေသယောင်။ ဖြုတ်ချည်း ဝင်းပလာသည့် နေခြည်နုနုအောက်၌ မျဉ်းဖြောင့်မျဉ်းကွေးမျိုးစုံဖြင့် အနားကွပ်ထားသည့် လယ်ကွက်စိမ်းစိမ်း၏ အလှတရားက ကြွတက်လာသည်။ ရှင်းသန့်သည့်လေပြည်က တိမ်မည်းညိုကြောင့် စိုးထိတ်ရင်ခုန်ခဲ့ရသူတို့ကို လန်းဆန်းစေခဲ့သည်။ ကားကလေးသည် အစိမ်းကွက်ကွက်များကို ရိပ်ခနဲ ရိပ်ခနဲ ကျော်ဖြတ်ရင်း မနားတမ်း ခုတ်မောင်းနေ၏။ ကားသည် မြို့ကို ဝင်ခဲ့ပြီ။ မတ္တရာကို ချဉ်းနင်းဝင်ရောက်ခဲ့ပါပြီ။

## (၄)

တကယ်တော့ ကိုယ့်အနေဖြင့် မတ္တရာကို သိပ်မသိ။

မတ္တရာသည် ရုံးစိုက်မြို့တစ်မြို့ဖြစ်ကြောင်း ကိုယ်မသိ။ မန္တလေးနှင့် ၁၅ မိုင်ကွာ၊ ဘင်္ဂလားပင်လယ်အော်နှင့် ၂၇၅ မိုင်ကွာ၊ မုတ္တမကွေ့နှင့် ၄၁၅ မိုင်ကွာ၌ တည်ရှိကြောင်း ကိုယ်မသိ။ တောင်ကုန်းထူထပ်၍ မြေမျက်နှာပြင်က လှိုင်းတွန့်ထနေသော အရပ်ဖြစ်ကြောင်း၊ ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ ၃၃၀ ၌ တည်ရှိကြောင်း ကိုယ်မသိ။ ဧရာဝတီနှင့် မတ္တရာမြစ်တို့ ဆက်သွယ်သော တူးမြောင်းများမှတစ်ဆင့် လယ်ကွင်းပြင်တို့ တစိမ်းစိမ်း လန်းနေသည့်အဖြစ်ကို ကိုယ်မသိ။ နောက်ပြီး ရှေးမြန်မာမင်းတို့ လက်ထက်တော်မှစ၍ ယနေ့ကာလတိုင်အောင် ဥယျာဉ်ခြံလုပ်ငန်းတို့ဖြင့် ထည်ဝါခဲ့သည့် အဖြစ်ကိုပါ ကိုယ်က မသိခဲ့။ ကိုယ်က သိပ်မသိပေမင့် မတ္တရာက သူ့သမိုင်းနှင့်သူ လှနေပြီးသား မြို့တစ်မြို့။ ဒါကိုတော့ ကိုယ် သိပါသည်။

မတ္တရာ၏ ကိုယ်ရေးအကျဉ်းကလည်း ပုဂံနှင့် အဆက်အစပ် ရှိနေခဲ့ပြန်သည်။ သက္ကရာဇ် ၃၉၅ ခုနှစ်က ကမ္ဘောဇနှင့် မြန်မာပြည်အကြား၌ အသီးအခြားဖြစ်နေစေဖို့ အနော်ရထာမင်းစောက မှူးမတ်ဗိုလ်ပါတို့ကို တာဝန်ခွဲ၍ မြို့ပေါင်း ၄၃ မြို့ကို တည်စေခဲ့၏ဟု အဆိုရှိသည်။ ထို ၄၃ မြို့၌ မြို့တစ်မြို့က မတ္တရာဟု အမည်တွင်ခဲ့သည်။ အမတ်မင်းတစ်ဦးက

mgyoe.com

mgyoe.com


ကမကထပြု၍ တည်သောကြောင့် မတ္တရာ ခေါ်သကဲ့သို့ အမတ်ပေါင်း တစ်ရာတို့ တည်ထောင်သည့် မြို့ဖြစ်သောကြောင့် မတ္တရာမည်၏ဟုလည်း ဆိုကြသည်။

အမတ်ကို ပါဠိဘာသာဖြင့် 'အမစ္စ' ခေါ်၍၊ သသင်္ကြိုဠ်ဘာသာဖြင့်သော် 'အမတျာ' ဟု ရေးထုံးရှိသည်။ အမတ်အနက်ဟော 'အမတျာ' ဆိုသည့် သင်္ကြိုဠ်ဘာသာစကားမှ အ–ကျေ၍ 'မတျာ'၊ နောင်သော် 'မတ္တရာ' ဖြစ်လာ၏ဟုလည်း ပညာရှင်တို့ ဆိုမိန့်ခဲ့ကြသည်။ ဟန်လင်းရာဇဝင်၌လည်း မတ္တရာနှင့်ပတ်သက်သည့် အဆိုတစ်ခုကို တွေ့ရသည်။

အဆိုနှစ်ခု၌ တစ်ခုက ပုဂံခေတ်ကောင်းချိန်ကို အခြေခံ၍ နောက်တစ်ခုက ပျူခေတ်ဦးပိုင်းကာလကို အခြေခံသည်။ မတ္တရာသားတို့အနေဖြင့် သူတို့မြို့၏သက်တမ်းကို သတ်မှတ်ရာ၌ အဘယ်မူကို ကိုယ်ထည်ပြု၍ ရေတွက်ကြသည်ကို မသိနိုင်ပါ။ မြို့တည်သက်တမ်း အဘယ်မျှ ရှိသည် ဖြစ်စေ မြို့အမည်ဖြစ်လာပုံကို ပြဆိုခန်း၌ အမတ်မင်းတစ်ရာကို မြို့၏အဓိက ထောက်တိုင်ကြီးများအဖြစ် ရာဇဝင်နှစ်စောင်လုံးက ဆိုထားသည်။

ခေတ်အဆက်ဆက် တွင်ကျယ်ခဲ့သည့် ဘုရားသမိုင်း၊ မြို့သမိုင်း ဆိုင်ရာ မှတ်စုတို့၌ ရှေးရှေးသော လူကြီးသူမတို့၏ အဆိုအမိန့်တို့ကိုသာ သားစဉ်မြေးဆက် လက်ဆင့်ကမ်း၍ နာခံမှတ်သားခဲ့ကြသည့် အစဉ်အလာ ရှိသည်။ ကိုယ် မှတ်သားခဲ့သည့် အဆိုကိုသာ မဏ္ဍိုင်ထား၍ သူ့အဆိုမှန်သည်၊ ကိုယ့်အဆိုမှန်သည် စသည်ဖြင့် ငြင်းလား ခုန်လား ကိစ္စမျိုးကလည်း ခေတ်အဆက်ဆက် ရှိခဲ့သည်သာ။ ထို့ကြောင့်ပင် "ပုဂံရာဇဝင်ကို တုတ်ထမ်းပြောရသည်" ဆိုသည့် အဆိုတစ်ခု တွင်ကျယ်ခဲ့ခြင်း ဖြစ်ရာပါ၏။

## (၅)

ကိုယ်ကတော့ မတ္တရာကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့်သာ နားလည်ထားခဲ့သည်။ ကိုယ့်နားလည်မှုက ကိုယ့်ခံစားမှုကိုသာ စံထားသည်မို့ မည်သူနှင့်မျှလည်း အငြင်းအခုံလုပ်ဖို့ မလို။ စကားစစ်ထိုးနေဖို့ မလို။ ကိုယ့်နားလည်မှုသည်ပင် ကိုယ့်အမှန်တရားစစ်စစ် ဖြစ်တော့သည်။

ပုဂံခေတ်က စခဲ့သည်ဖြစ်စေ၊ ပျူခေတ်က စခဲ့သည်ဖြစ်စေ၊ အမတ်

mgyoe.com

mgyoe.com


တစ်ရာ တည်ခဲ့သည်ဖြစ်စေ၊ လက်သမားဆရာကြီး တည်ခဲ့သည်ဖြစ်စေ မတ္တရာသည် မတ္တရာဆိုသည့် ကိုယ်ပိုင်အမည်နာမတစ်ခုကို နှစ်ပေါင်းများစွာ တည့်မတ်ထားနိုင်ခဲ့သည့် သတ္တိခဲမြို့တစ်မြို့ ဖြစ်သည်။ မေတ္တာစာတ်အားကြီး သည့် မြို့တစ်မြို့ ဖြစ်သည်။ မေတ္တာ၏ သင်္ကေတက 'အေးမြခြင်း' ဟု ဆိုပါလျှင် အေးမြခြင်း၏ ဒုတိယအမည်က 'စိမ်းစိုလန်းဆန်းခြင်း' ဖြစ်သည်။ မတ္တရာက တကယ်လည်း စိမ်းလန်းနယ်မြေတစ်ခု မဟုတ်ပါလား။

"ခင်ဗျားတို့ မတ္တရာက နွေခါမှာတောင် ပတ်လည်တစ်ခို စိမ်းနေတာ ပါပဲလားဗျ" ဟု မတ္တရာသား ကဗျာဆရာကို ပြောမိတော့ "မတ္တရာက ဥတုလေးလီ အကုန်စိမ်းတယ်ဘုရား၊ သိပ်ပလီတဲ့ မြို့လေးပါ" တဲ့။ မတ္တရာ သား ကဗျာဆရာက သူ့မြို့သူ မှတ်ချက်ပြုသည်။ သူ့မြို့လေးအပေါ် ကမ္ပည်း တင်လိုက်သည့် သူ့လက်ရေးက လှလည်းလှ၍ ချစ်ဖို့လည်း ကောင်းသည်။

သူတို့မြို့လေးသည် မြို့လေးကိုယ်တိုင်ကလည်း စိမ်းသလို မြို့၏ ဝန်းကျင်ကိုလည်း အစိမ်းတို့ဖြင့်သာ ရံပတ်ထားခဲ့သည်။ တောင်ကုန်းပေါ်မှ ကြည့်လျှင်လည်း စိမ်း၍၊ မြေပြင်ညီမှ ကြည့်လျှင်လည်း စိမ်းသည်။ မြင်း တစ်ပြေးအကြည့်မှာလည်း စိမ်း၍ ကွမ်းတစ်ကမ်း အကြည့်မှာလည်း စိမ်း သည်။ နောက်ပြီး ထိုအစိမ်းက နုနုဖတ်ဖတ် ရှိလွန်းလှသည်။ ထိုမြို့က မတ္တရာဖြစ်ပါသည်။

မတ္တရာစာပေအနုပညာမဂ္ဂဇင်း၊ အတွဲ (၁)၊ အမှတ်(၁)။

၁-၂၀၁၉

ဖတ်သည့်စာ - မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၉၊) အပိုင်း(ခ)။

❒

mgyoe.com

mgyoe.com

# [ ၈ ]
# ပင်ဝါးရုံ

## (၁)

ဝါးက တစ်ပင်တည်း ထီးထီးပေါက်လေ့မရှိ။ ပတ်ပတ်လည် တောထသွားလောက်အောင် တစ်ပြုံတစ်မကြီး ပေါက်ရောက်သည့်အမျိုး။ သဘာဝ ပေါက်ရောက်ပင်များအုပ်စု၌ အဖော်တွေ တစ်ထွေးကြီးဖြင့် အုံကျင်းဖွဲ့၍ ပေါက်ရောက်တတ်သော အပင်မျိုးစုကို 'ရုံ' နှင့် တွဲစပ်၍ ခေါ်လေ့ရှိသည်။ 'ရုံ' နှင့် 'ချုံ' က အနက်ချင်းနီးစပ်သည်။ "ဟောမန်ဝါးရုံ၊ ဆူးချုံပုတ်ပေါင်း" စသည်ဖြင့် အတွဲအစပ်ရှိသည်။ အခက်၊ အရွက်၊ အနွယ်၊ အကိုင်းတို့ ထွေးယှက်ပေါင်းစည်း ပေါက်ရောက်နေသည့်အပင်တို့၌ "ရုံ၊ ချုံ" အသုံး နှစ်မျိုးကို တွေ့ရတတ်သည်။

ရွာထိပ်က တောင်ခြေလောက်အထိ လူကြီးတွေနှင့်အတူ လိုက်သွားပြီး မှိုဥနက်ရှာခဲ့စဉ်က ဝါးရုံပင်ကို အစဆုံး မြင်ဖူးခြင်းဖြစ်သည်။ မိုးဖြိုင်ဖြိုင် ကျချိန်၌ တောင်ရိုးမှချိုးလာသည့် မျှစ်နုနုကို အဝိုင်းပြားကလေးများ ဖြစ်အောင်လှီး၊ ဆန်လှော်ကလေးစွက်၍ အမေချက်ကျွေးသည့် အရည်သောက်

mgyoe.com

mgyoe.com


ဟင်းကို ကြိုက်ခဲ့ဖူးသော်လည်း မှျစ်ဟင်းဟုပဲ သိခဲ့သည်။ မှျစ်က ဝါးဖြစ်လာမည်ဟု မသိသေး။ နောက်တော့ မှျစ်က ဝါးဖြစ်လာကြောင်း၊ ထန်းပင်မြစ်က ထန်းပင်ဖြစ်လာကြောင်းကိုသာမက နွားက အမဲသားဖြစ်လာကြောင်းကိုပါ တစ်စတစ်စ သိလာရသည်။

(၂)

မြို့ကြီးပြကြီးတို့၌ ဝါးကို အနုပညာဆန်ဆန် ပုံသွင်း၍ လူ့အသုံးအဆောင်များ လုပ်လာကြသည်ကို သတိထားမိသည်။ ထိုယဉ်ကျေးမှုက ဘယ်ကာလမှစသည် မသိရသော်လည်း တောရပ်တောရွာတို့၌ ဝါးက လူတို့၏ အသုံးအဆောင်ဖြစ်နေသည်မှာ ကြာပြီ။ "ဘယ်ခေတ်လောက်က စခဲ့တာပေါ့" ဟု သင်္ကေတ မထားနိုင်လောက်အောင်ကို ကြာခဲ့ပြီထင်သည်။ တောသူတောင်သားတို့အနေဖြင့် ဘဝအစ အူဝဲမှသည် ဘဝနိဂုံး အဆုံးသတ်ချိန်အထိ ဝါးထရံကာသည့် အိမ်တွေမှာ လူလားမြောက်ခဲ့ကြသူတို့ပဲ များပါသည်။ တောလုပ်ငန်းခွင် ဝင်ကြပြီဆိုတော့လည်း မိုးဒဏ်နေဒဏ်ခံနိုင်ဖို့ ဝါးခမောက်ကိုပဲ ဆောင်းကြရသည်။ လှည်းပေါ်မှာခင်းသည့် ထိုင်စရာကလည်း ဝါးကိုခွဲခြမ်းစိတ်ဖြာပြီး ရက်လုပ်ထားသည့်ဖျာ။ နွားကို ခြောက်သည့် နှင်တံ (တံဖျာ)ကလည်း ဝါးရုံကိုင်း၏ အဖျားသားပင်။ ကိုယ့်ယာခင်းကထွက်သည့် ခရမ်းချဉ်သီးဘာညာကို ဆွတ်ကြမည်ဆိုတော့လည်း ဝါးကိုရက်လုပ်ထားသည့် ဆန်ကောတို့၊ ခြင်းတို့ကိုပဲ သုံးရသည်။ တောမှာတော့ ဝါးဆိုသည်က မရှိမဖြစ်၊ မပါမဖြစ် အိမ်သုံးပစ္စည်းအစစ်။

နောက်တော့ အိမ်ထောင့်က ဥရူတိုင်မှာ ဓာတာထည့်ဖို့ ချိတ်ထားသော ပုံးလေးတစ်ခုရှိနေမှန်း သတိထားမိသည်။ ဝါးကိုလုပ်သည့် လက်မှုပစ္စည်းတို့တွင် သေသပ်လှပစွာ ပြုလုပ်ထားသည့် ဝါးထွက်ပစ္စည်း လက်ရာတစ်ခုကို အစဆုံးအကြိမ်မြင်ဖူးခြင်း။ နောက်တော့ တောင်တန်းဒေသအရပ်တို့၌ လက်ဖက်ခူးချိန်၊ လိမ္မော်ချိန် ရောက်ပြီဆို ပလိုင်းကလေးတွေလွယ်၍ လုပ်ငန်းခွင်ဝင်ကြသည်ကို သိလာရသည်။ မြစ်ချောင်းအင်းအိုင်တို့၌ ကိုတံငါတို့ အသုံးပြုနေသည့် မြှုံးဆိုသည်ကို သိလာရသည်။ အားလုံးက ဝါးထွက်ပစ္စည်းတွေ။ နောက်တော့ ဝါးကိုမဏ္ဍိုင်ထား၍ ရေးဖွဲ့ထားသည့် စာအနုအလှ

mgyoe.com

mgyoe.com


တို့ကိုပါ တွေ့လာရသည်။

"ပင်ဝါးရုံ လေယူသိမ်းတော့၊
တိမ်းတဲ့လို့ နွဲ့ယိုင်၊
စိမ်းလဲ့ညို့ လဲ့ဂနိုင်မှာ
စံပယ်နိုင် ကြိုင်မွှေး။
မိုးဦးမို့ ယာတစ်ခွင်မှာ
ဘာမမြင် တက်ရေကစွေး။
လျှပ်ပြက်လို့ မြည်အော်တာ
စည်ဆော်တာ မနေး၊
မိုးစွေစွေ တိုးလေသွေးပြန်တော့
အေးပါဘိ ရာသီ။
ကိုတောင်သူ ဟိုကန်သင်းဆီက
ဆိုသီချင်း မြွက်သံကစီ။
ဝနေစပ် မြေလပ်ညီမှာ
ရေပတ်လည် ရစ်သန်းလို့
ကသစ်နန်း အထက်ယံ
ကျေးငှက်ကညံ။
လွမ်းအောင်လို့ သူတို့ဖန်တယ်
ပူပို့ရန် ဆုံးပြီဘုလေး"

ဆိုသည့် ဆရာကြီးမင်းသုဝဏ်၏ တေးထပ်က တောတောင်ရေမြေ အလှနှင့် တောင်ယာလုပ်ငန်းခွင်၏ သဘာဝ ပုံရိပ်ကို ဖော်ကျူးထားသည့် ချစ်စဖွယ်တေးထပ်လေးတစ်ပုဒ် ဖြစ်သည်။ တေးထပ်၏အစ၌ တောအစပ်မှ ဝါးရုံပင်လေးကို "ပင်ဝါးရုံ" ဟု အပြန်ယူ၍ ဖွဲ့ထားဟန်က မြတ်နိုးစရာ။

(၃)

မိုးတွင်းကာလ၏ တစ်နေ့သ၌ အောက်ပြည်အောက်ရွာမှ ပန်းချီဆရာ အဖွဲ့ မန္တလေးကို အလည်ရောက်လာသည်။ သူတို့နှင့်အတူ မင်းကွန်းကို လိုက်ပါသွားရင်း သူ့မိတ်ဆွေပန်းချီဆရာအိမ်ကို ခေတ္တဝင်ဖြစ်သည်။ သူနှင့်

mgyoe.com

mgyoe.com


အိမ်ခံပန်းချီဆရာတို့ စကားလက်ဆုံကျနေကျစဉ် ကိုယ်က အိမ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုနေလိုက်သည်။ အိမ်နောက်က ခြံစည်းရိုးမှာ ဝါးရုံပင်လေးတွေ စိမ်းညို့အုံ့ဆိုင်းလို့။ အထဲပြန်ရောက်တော့ အင်္ဂါထောင့်က ပန်းချီခန်းထဲကို ရောက်သွားသည်။ အခန်းဆိုသော်လည်း အပိတ်အကာမရှိ ဟာလာဟင်းလင်း။

နံရံ၌ချိတ်ထားသော ပန်းချီကားများကိုသာမက ရေးလက်စတန်းလန်းပန်းချီကားများကိုပါ ငေးနေစဉ် မိုင်းကိုင်စက္ကူပေါ် ဆွဲထားသည့် ဝါးရုံပင်ပန်းချီကားချပ်လေးကို သွားတွေ့သည်။ စက္ကူပုံကြား ညပ်နေသည့် ပန်းချီကားလေးကို တယုတယကောက်ကိုင်ရင်း "ဒီပန်းချီကားက မသုံးတော့ဘူးလားဆရာ"ဟု မေးတော့ သူက တစ်ချက်ပြုံးပြီး "ဦးဇင်း လိုချင်လို့လား"ဟု ပြန်မေးသည်။ မိမိက မဝံ့မရဲခေါင်းညိတ်ပြတော့ "အရှင်ဘုရားတို့ အချိန်ရလား" တဲ့။ "အချိန်ရပါတယ် ဆရာ" ဆိုတော့ သူက စကားကိုလက်စသတ်ပြီး ပန်းချီခန်းထဲ လိုက်လာသည်။

နောက်တော့ ပုံဆွဲစက္ကူသုံးလေးချပ်ရှာပြီး ကိုယ့်အတွက် ဝါးပန်းချီလေးတစ်ကား ဆွဲပေးသည်။ ရေနှင့်ဆေးကို စိတ်ကြိုက်စပ်ပြီးချိန်၌ စုတ်တံအပြားကို ဆေးခွက်၌နှစ်ကာ စက္ကူပေါ် တစ်ချက်တည်းဆွဲချလိုက်တော့ ပထမ ဝါးဆစ်၊ နောက်တစ်ချက်ဆွဲချလိုက်တော့ ဒုတိယဝါးဆစ်၊ တတိယဝါးဆစ်၊ ဝါးဆစ်တွေပြီးတော့ ဝါးရုံခက်လေးတွေရဖို့ စုတ်အသေးကလေးနှင့် ဖျပ်ဖျပ်ဖျပ်ဖျပ် လူးသည်။ ကိုယ့်မှာ သူ့စုတ်ချက်အလူးအလွန့်တိုင်းကို မျက်ချည်မပြတ်ကြည့်ရင်း အသက်ပင် ဘယ်လိုရှူမိသည်မသိ။ ပန်းချီဆရာစုတ်ချက်ဝင့်လိုက်တိုင်း ဝါးရုံပင်လေးက ပို၍ပို၍ အသက်ဝင်လာသည်။ အဆုံးသတ်ခါနီးတော့ ငှက်ကလေးနှစ်ကောင် အတောင်ဖြန့်၍ တစ်ပင့်တစ်ပင် ကူးနေဟန်ကို ထည့်သည်။ တစ်ကားလုံးစိတ်ကြိုက် ဖြစ်ပြီဆိုမှ အောက်ခြေထောင့်၌ သူ့လက်မှတ်ကို အင်္ဂလိပ်ဘာသာဖြင့် ထိုးပေးသည်။ "ကိုစု" တဲ့။

ထိုနေ့က ကိုယ်တို့မျက်စိအောက်၌ပင် ဆရာကိုစုက ပန်းချီကား လေးချပ် ရေးပေးသည်။ တစ်ယောက် တစ်ကားတဲ့။ ကားဆရာအတွက်တောင် ပါလိုက်သေး။

mgyoe.com

mgyoe.com


"အရင်အခေါက်တွေ လာတုန်းကလည်း မင်းကွန်းပြန်လက်ဆောင် အဖြစ် ဝါးပေတံလေးတွေ ဝယ်ဖြစ်တယ်" ပြောတော့ သူက ပြုံးသည်။ ကျေနပ်နေပုံလည်း ရသည်။ ဝါးပေတံတို့၌ ဝါးရုံအခက်အလက်လေးများကို ဆွဲပြီး အလှဆင်ထားသည်။ နိုင်ငံခြားသားတွေ အဝယ်များသည်တဲ့။ ထို ဝါးပေတံလေးတွေကလည်း ပန်းချီကိုစုလက်ရာပင်။ ကျောင်းရောက်ပြီး နောက်တစ်ရက်၌ပင် ပန်းချီကားကို မှန်ပေါင်သွင်းလိုက်သည်။

## (၄)

ဝါးကို ကိုယ်ထည်ပြု၍ ချစ်စရာ လူ့အသုံးအဆောင်ပစ္စည်း ထုတ်လုပ်ကြရာ၌ ဝါးပေတံသာမက ဝါးလက်ကောက်၊ ဝါးသော့ချိတ်၊ ဝါးရေခွက်၊ ဝါးစုဘူး၊ ဝါးဆေးလိပ်ပြာခွက်၊ ဝါးမီးအိမ် စသည်ဖြင့် အမျိုးမျိုးရှိသည်။ ထိုအရာအားလုံးကို အတိုကောက်အနေဖြင့် "ဝါးလက်မှုပစ္စည်း" ဟုပဲ ခေါ်ကြသည်။ ဝါးမီးအိမ်ကို ဟိုတယ်ကြီးများ၌ အလှဆင်ချိတ်ဆွဲလေ့ရှိပြီး ကျန်ပစ္စည်းများကိုတော့ လူတန်းစားမရွေး ဝယ်ယူအသုံးပြုကြသည်ကို တွေ့ရသည်။ အနည်းဆုံးတော့ အမှတ်တရလက်ဆောင်ပေးဖို့ ဝယ်ကြသည်ပေါ့။ ထိုမျှသာမက ဝါးအသုံးအဆောင်လက်မှုပစ္စည်း အသေးစားတို့၌ ကိုယ်လိုချင်သည့် ဒီဇိုင်းပုံ၊ ကိုယ်ထည့်သွင်းလိုသော စာသားကို ပြောပြ၍ ထိုအတိုင်း လုပ်ဆောင်ပေးနေသည့် ဝါးလက်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းခွင်တို့လည်း ရှိသေးသည်။

ဝါးကို သွားကြားထိုးတံ လုပ်ကြသလို၊ အစားအသောက်ဝိုင်း၌ တူ အဖြစ်လည်း အသုံးပြုကြသည်။ ဧည့်ရိပ်သာလို နေရာမျိုး၌ ဝါးကိုခံသည်း အသုံးပြုထားသည့် အဆောက်အအုံလှလှလေးများကိုလည်း ဟိုမှာသည်မှာ တွေ့ရတတ်သည်။ အချို့ကလည်း ဝါးကို ခြံစည်းရိုးလုပ်၍ အလှဆင်ကြသည်။ ဝါးကိုရက်လုပ်ထားသည့် စားပွဲ၊ ကုလားထိုင်တို့ကတော့ အများသုံးပစ္စည်းတစ်ခုပင် ဖြစ်နေပါပြီ။

သစ်ပင်နှင့် တောတောင်ထူထပ်သော တရုတ်ပြည်၏ ပြည်နယ်ကြီးတစ်ခု၌ ဝါးကိုမှီ၍ အသက်မွေးနေသူတို့ သန်းပေါင်း ၁၈၀ ရှိ၏ဟု ဆိုသည်။ သူတို့အခေါ်အတိုင်း "မျှစ်စျေးကွက်" ဟုပဲ ဆိုကြပါစို့။ ဒါဖြင့် မြန်မာနိုင်ငံ

mgyoe.com

mgyoe.com


မှာကော ဝါးကိုမှီ၍ အသက်မွေးသူတို့ အရေအတွက်အားဖြင့် မည်မျှရှိနေပါသလဲ။ တွက်ချက်၍ အဖြေရှာသင့်ပါသည်။ ကမ္ဘာပေါ်၌ ဝါးတောဧရိယာကို "တတိယအများဆုံး" ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံအနေဖြင့် မိမိပတ်ဝန်းကျင်ရှိ ဝါးသယံဇာတကို အကျိုးရှိရှိ အသုံးချနိုင်မည်ဆိုပါက အလုပ်လက်မဲ့ပြဿနာနှင့် ဆင်းရဲမွဲတေမှုပြဿနာကို ဖြေရှင်းနိုင်လိမ့်မည်ဖြစ်ကြောင်း ပညာရှင်တို့က အဆိုပြုထားပါ၏။ မိမိတို့ဘက်က ဉာဏ်ရှိကြဖို့ပဲ လိုပါလိမ့်မည်။

## (၅)

ယခုနှစ် မိုးရာသီကာလက ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့၌ ရေကြီးရေလျှံမှုဒဏ်ကို အလူးအလဲ ခံလိုက်ကြရသည်ကို အားလုံးလည်းအသိ။ မြန်မာတို့၏ထုံးစံအတိုင်း သိုင်းကြဝိုင်းကြ ကူကြကမ်းကြသည်ကလည်း စေတနာအပြည့်မို့ သာဓုခေါ်ဖို့ ကောင်းလှပါ၏။ သို့သော် ပြဿနာ၏ဇာစ်မြစ်ကို မရမကရှာဖွေပြီး အချိန်မီ ကုစားနိုင်ဖို့ လိုပါသည်။ ပြဿနာက အခြားတော့မဟုတ်။ သဘာဝ သစ်တောသယံဇာတတို့ကို အလွန်အကျွံ ထုတ်ယူသုံးစွဲကြခြင်းပင် ဖြစ်သည်။ သစ်တောဝါးတော ပြုန်းတီးမှုက အရင်းခံပြဿနာပင် ဖြစ်သည်။

အိမ်နီးချင်း ထိုင်းနိုင်ငံသည် ယခင်ဆယ်စုနှစ်များက မြန်မာနိုင်ငံမှ မျှစ်ကို ဝယ်ယူတင်သွင်းနေခဲ့ရသည်။ ခုတော့ တောင်သူနှင့် ဝါးလုပ်ငန်းရှင်များ ပူးပေါင်းပြီး ဝါးလုပ်ငန်းကို ထူထောင်ထားကြပါသတဲ့။ ထိုနိုင်ငံ၌ ဝါးစိုက်ခင်း ဧက တစ်သိန်းကျော်ရှိပြီး ထိုလုပ်ငန်းမှ နှစ်စဉ် နိုင်ငံခြားဝင်ငွေသန်း ၄၀၀ ကျော် ရနေပြီဟုလည်း သတင်းတစ်ပုဒ်က ဆိုသည်။ ဝါးနှင့် ပတ်သက်ပြီး မြန်မာတွေ မည့်ကြဖို့တော့ လိုပါသည်။

Daily Eleven

30-1-2019

❒

mgyoe.com